မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်၊ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၀)၊ အမှတ် (၃၄၈)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၁၈

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ် (၁၄)ဦး ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပမည့် (၃၂)ကြိမ်မြောက် အာဆီယံပါလီမန်အမတ်များ အထွေထွေညီလာခံ (ASEAN INTER-PARLIAMENTARY ASSEMBLY) သို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H. E. Mr. Sieng Bunvuth နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပမည့် (၃၂)ကြိမ်မြောက် အာဆီယံပါလီမန်အမတ်များ အထွေထွေညီလာခံသို့ တက်ရောက်ရန် ထွက်ခွာသွားသော ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

မြန်မာနိုင်ငံ၌ သဘာဝအရင်းအမြစ်နှင့် လူ့စွမ်းအားအရင်းအမြစ်များရှိပြီးဖြစ်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်ပါက ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်လာမည်။

ပညာရေးဝန်ထမ်းများအားလုံးတို့သည် ကာယ၊ ဉာဏ စွမ်းအားရှိသလောက် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ကြရန်လိုသည်။ (စာ-၃)

ကြံစိုက်တောင်သူများ အထွက်နှုန်းတိုးတက်အောင် လုပ်ဆောင်၊ အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်များ ပြောင်းလဲသုံးစွဲ။

ကြံစိုက်တောင်သူများ တွက်ခြေကိုက်ပြီး ဝင်ငွေတိုးတက်ရရှိမှသာ စိုက်လိုအား တိုးတက်ကာ သကြားစက်ရုံများ ကုန်ကြမ်းအပြည့်အဝ ရရှိမည်ဖြစ်။ (စာ-၃)

မင်းသမီးချော ဂျင်နီဖာလောရင့် တောတွင်းစွန့်စားခန်း ဇာတ်ကားရိုက်ကူး။ (စာ-၁၁)

နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲမှုအခြေအနေများ မေးမြန်းစုံစမ်းနိုင်ရန် နိုင်ငံတကာအဆင့်မီ Call Centre ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်။

GSM မိုဘိုင်းလ်တယ်လီဖုန်း တိုးချဲ့တပ်ဆင်ရေးစီမံကိန်းအား သတ်မှတ်ထားသည့်အချိန်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နေ။ (စာ- ၈)

ပင်မှည့်ဖျော်ရည်သီး နှောင်ချိုမြို့နယ်တစ်ဝိုက်၌ လှိုင်လှိုင်သီး။ (စာ-၆)

တောင်ကိုရီးယားရုပ်ရှင်ပွဲတော် ရန်ကုန်၌ ကျင်းပမည်

သတင်းမှတ်စု ➢ မောင်မောင်မြင့်ဆွေ

ရန်ကုန် စက်တင်ဘာ ၁၈

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနဲ့ ယဉ်ကျေးမှုအနုပညာပူးပေါင်းဖလှယ်ရေးအစီအစဉ်အရ တောင်ကိုရီးယားရုပ်ရှင်ပွဲတော်ကို မြန်မာနိုင်ငံမှာ ကျင်းပတော့မှာ ဖြစ်ပါတယ်။ အဲဒီရုပ်ရှင်ပွဲတော်ကို ရန်ကုန်မြို့ ဂျန်းရှင်းစင်တာမှာရှိတဲ့ ရုပ်ရှင်ရုံမှာ ပြသမှာဖြစ်တာမို့ မြန်မာပရိသတ်တွေအတွက် တောင်ကိုရီးယားရုပ်ရှင်ကားကောင်းတွေကို ကြည့်ရှုကြရဦးမှာဖြစ်ပါတယ်။

ပါဝင်ပြသ

လာမယ့်အောက်တိုဘာ ၂၀ ရက်မှ ၂၄ ရက်အထိ ငါးရက်တိုင်တိုင်ကျင်းပမယ့် အဲဒီရုပ်ရှင်ပွဲတော်မှာ တောင်ကိုရီးယားရုပ်ရှင်ကားလေးကား ပါဝင်ပြသမှာဖြစ်ပြီး နေ့စဉ် တစ်နေ့ကို နှစ်ကားနှုန်းပြသသွားမှာဖြစ်ပါတယ်။

အခမဲ့

တောင်ကိုရီးယားရုပ်ရှင်ပွဲတော်မှာ ပြသမယ့် ရုပ်ရှင်ကားတွေကို ကြည့်ရှုဖို့အတွက် နေ့စဉ်လက်မှတ်စောင်ရေ ၂၀၀ ခန့်သတ်မှတ်ထားပြီး အခမဲ့လာရောက်ကြည့်ရှုလို့ရမှာဖြစ်ပါတယ်။ အဲဒီရုပ်ရှင်ကား အမျိုးအစားတွေက အားကစားနဲ့ ဆက်နွယ်တဲ့ ဇာတ်ကားတွေဖြစ်ပါတယ်။ *စာမျက်နှာ ၆ ကော်လံ ၁* ▲

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၉ ရက်)

သွေးလွန်တုပ်ကွေးကာကွယ်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်

ကမ္ဘာပေါ်တွင် နှစ်စဉ်လူဦးရေသန်း ၅၀ခန့်သည် သွေးလွန်တုပ်ကွေးရောဂါဒဏ် ခံစားနေကြရပြီး နှစ်သောင်းကျော် သေဆုံးလျက်ရှိသည်။ တစ်ကမ္ဘာလုံး သွေးလွန်တုပ်ကွေးဖြစ်ပွားမှု၏ ၅၀ ရာခိုင်နှုန်းမှာ အရှေ့တောင်အာရှဒေသနိုင်ငံများမှ ဖြစ်သည်။ အင်ဒိုနီးရှား၊ ထိုင်းနှင့်မြန်မာနိုင်ငံတို့တွင် အများဆုံးဖြစ်ပွားနေသည်ကို တွေ့ရသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသော ခြင်ပုန်း၊ ခြင်ကျားများအကိုက်ခံရခြင်းကြောင့် ဖြစ်သည်။ အသက်သုံးနှစ်မှ ၁၄ နှစ်အထိ ကလေးငယ်များတွင် ဖြစ်ပွားတတ်သော်လည်း ယခုအခါ အသက်ကြီးသူများပါ ဖြစ်ပွားလာကြကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါသည် ယခင်က မြို့ကြီးများမှာသာ အများဆုံးဖြစ်ပွားခဲ့သော်လည်း ယခုအခါ ကျေးလက်တောရွာများမှာပါ ဖြစ်ပွားလာသည်ကို တွေ့ရသည်။

သွေးလွန်တုပ်ကွေးရောဂါပိုး သယ်ဆောင်ပေးသော ခြင်ပုန်း သို့မဟုတ် ခြင်ကျားသည် နေ့အချိန်တွင် ကိုက်လေ့ရှိသည်။ လူတို့၏ပတ်ဝန်းကျင်ရှိ ရေစင်၊ ရေအိုး၊ ရေလှောင်ကန်နှင့် မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာအဟောင်း၊ အိုးခြမ်းပဲ့များတွင် ပေါက်ပွားလေ့ရှိသည်။ ခြင်ပုန်း၊ ခြင်ကျားမပေါက်ပွားစေရန် ခြင်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်သည်။

ရေစင်၊ ရေအိုးများ လုံခြုံစွာဖုံးအုပ်ထားခြင်း၊ ပန်းအိုး၊ ညောင်ရေအိုးတို့မှရေကို နေ့စဉ်လဲလှယ်ပေးခြင်း၊ ရေစင်၊ ရေအိုးများရှိ ပိုးလောက်လန်းများအား ရေစစ်ဖြင့် ခပ်ထုတ်ခြင်းတို့ကို နေ့စဉ်လုပ်ဆောင်ရမည်ဖြစ်သည်။ ထို့အပြင် အိမ်ပတ်ဝန်းကျင်ရှိ ရေမြောင်းများ ရေစီးရေလာကောင်းအောင် ရှင်းလင်းခြင်း၊ ရေဝပ်နိုင်သော မြေနိမ့်များဖို့ခြင်း၊ အလင်းရောင်ရရှိရန် တံခါးများ နေ့ခင်းဘက်၌ဖွင့်ထားခြင်းနှင့် အိမ်တွင်းအိမ်ပြင် သန့်ရှင်းရေးများကိုလည်း အစဉ်သဖြင့် လုပ်ဆောင်နေကြရမည်ဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ခြင်းသည် ရောဂါဖြစ်လာမှ နှိမ်နင်းခြင်းထက် ကုန်ကျစရိတ်သက်သာမည်ဖြစ်ပြီး ရောဂါကြောင့် ပေါ်ပေါက်ရသော လူမှုစီးပွားဒုက္ခလည်း လျော့နည်းစေနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ သွေးလွန်တုပ်ကွေးရောဂါဘေးမှ ကင်းဝေးရန်အတွက် ပြည်သူများအနေဖြင့် သတင်းစာများနှင့် ရုပ်မြင်သံကြားတို့တွင် ကျန်းမာရေးဝန်ကြီးဌာနမှ နှိုးဆော်ထားသော သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များကို စနစ်တကျလိုက်နာဆောင်ရွက်ကြပြီး ခြင်နှိမ်နင်းရေးလုပ်ငန်းများတွင် ကိုယ်တိုင်ကိုယ်ကျ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါက ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ထိရောက်နိုင်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး မင်္ဂလာဒုံမြို့နယ်၌ ဟောပြော

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့အနေဖြင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် မီးသုံးစွဲသူတို့ လုံခြုံချောမွေ့စွာမီးသုံးစွဲနိုင်စေရေး အသိပညာပေးမြေစိုက်ပိုစတာများစိုက်ထူ၍ကြော်ငြာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ရပ်ကွက်နှင့်ကျောင်းများ၌ ဟောပြောပွဲများ ကျင်းပခြင်း စသည်တို့ကို မြို့နယ်အလိုက် ဟောပြော၍ နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ဟောပြောဆွေးနွေး

ထိုသို့ဆောင်ရွက်လျက်ရှိရာ မင်္ဂလာဒုံမြို့နယ်တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၁၄ရက် နံနက်က အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း အောင်ဆန်းသူရိယလှသောင်း ခန်းမ၌ ကျင်းပရာ မင်္ဂလာဒုံမြို့နယ်အုပ်ချုပ်ရေးမှူး **(အပေါ်ပုံ)**က အထက်တန်းနှင့်အလယ်တန်း ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဟောပြောဆွေးနွေးပြီး ရုံးဝန်ထမ်းများက လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သံဖြူဇရပ်မြို့နယ် ကျူကဒါတ်ကျေးရွာ သဘာဝရေပြင်အတွင်းသို့ ဩဂုတ် ၁၁ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲကျော်ခိုင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးလှမင်းဇော်နှင့် ဝန်ထမ်းများ၊ ကျေးရွာ လူမှုရေးအဖွဲ့အစည်းများ ငါးမျိုးစိုက်ထည့်ကြစဉ်။

(မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကချင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်ဆုချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၁၈

ကချင်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၅ ရက် ညနေ ၅ နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အမျိုးအစားအလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူတို့အား ဆုများချီးမြှင့်ကြသည်။ ဆက်လက်၍ လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါ်ဘောက်ဂျာက အကဲဖြတ် အမှတ်ပေးဒိုင်အဖွဲ့များကိုယ်စား အဖွဲ့ခေါင်းဆောင် ဦးညွှန့်ရွှေအား ဂုဏ်ပြုလက်မှတ်များပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ပထမဆုရရှိကြသူတို့၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး မြေစိုက်ပိုစတာ ရွှေကူမြို့၌ စိုက်ထူ

ရွှေကူ စက်တင်ဘာ ၁၈

ရွှေကူမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းလုပ်ငန်းကို ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီခွဲက ဗိုလ်ချုပ်လမ်းမကြီးနှင့် မြို့မဈေးကြီး လမ်းဆုံ၌ ကျင်းပရာ အခမ်းအနား၌ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲမောင်နှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့ပေါ်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များက ဆောင်ရွက်ခဲ့ကြသည်။

ဖြန့်ဝေပေးခဲ့

ဆက်လက်၍ လျှပ်စစ်မီးသုံးစွဲသူများအား အန္တရာယ်ကင်းရှင်းစွာ လျှပ်စစ်သုံးစွဲရေး ရှင်းလင်းပြောကြားပြီး လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် သတိပြုရမည့်အချက်များ၊ ဆောင်ရန်နှင့် ရှောင်ရန်နည်းလမ်းများပါဝင်သော အသိပညာပေး လက်ကမ်းစာစောင်များကို ဌာနဆိုင်ရာရုံးများ၊ ကျောင်းများ၊ လူစည်ကားရာဈေးများ၊ ရပ်ကွက်နှင့်ကျေးရွာများတွင် လျှပ်စစ်မီးသုံးစွဲသူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်) နှစ်(၂၀)ပြည့် အထိမ်းအမှတ်အခမ်းအနား ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၈

၁၉၉၁ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည့် University of Medical Technology (Yangon) ယခင် Institute of Paramedical Science (IPMS) သည် ၂၀၁၁ ခုနှစ်တွင် နှစ်(၂၀)ပြည့်ပြီ ဖြစ်၍ အထိမ်းအမှတ် အခမ်းအနားကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပမည်ဖြစ်ရာ ၁၉၉၁ ခုနှစ်မှ ယခုထိ ဤတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့သော ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူများ၊ ဖျော်ဖြေရေးအစီအစဉ်တွင် ပါဝင်လိုသူများနှင့် အလှူငွေထည့်ဝင်လိုသူများသည် ပါမောက္ခချုပ် ဖုန်း-၆၄၅၇၄၂၊ ၆၄၅၇၄၃၊ ၀၉-၅၁၂၇၄၇၇၊ မော်ကွန်းထိန်း ဖုန်း-၆၄၅၇၅၃၊ ၆၄၅၇၄၆၊ ဖုန်း ၀၉-၂၀၁၇၈၅၃နှင့် လက်ထောက်မော်ကွန်းထိန်း ဖုန်း-၆၄၅၇၆၃၊ ၀၉-၅၁၅၉၅၉၃ တို့ထံသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ဤတက္ကသိုလ်နှင့် သက်ဆိုင်သော မှတ်တမ်းဓာတ်ပုံများ၊ မဂ္ဂဇင်းတွင်ထည့်ရန် စာမူများကိုလည်း အောက်တိုဘာလ နောက်ဆုံးထား၍ ဤတက္ကသိုလ် မော်ကွန်းထိန်းထံသို့ ပေးပို့နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မူးယစ်ဆေးဝါးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မိုးနဲမြို့နယ်၌ အသိပညာပေးဟောပြော

မိုးနဲ စက်တင်ဘာ ၁၈

လင်းခေးခရိုင် မိုးနဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ပုလဲဆောင်၌ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာ ၁၁ ရက်က ကျင်းပရာ လင်းခေးခရိုင် အုပ်ချုပ်ရေးမှူး ဦးထူးလွင်က အမှာစကားပြောကြားသည်။ ထို့နောက် မိုးနဲမြို့နယ် ဆရာဝန်ကြီးက ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်အကြောင်းကို အသိပညာပေး ဟောပြောပြီး ဥပဒေအရာရှိက မူးယစ်ဆေးဝါးသုံးစွဲမှု၊ ရောင်းဝယ်ဖောက်ကားလက်ဝယ်ထားရှိမှု အကြောင်းအရာများကို ဟောပြောကြသည်။ ဆက်လက်၍ လင်းခေးခရိုင် ဒုတိယရဲမှူးကြီး စိုးမြင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ်နှင့် ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သာသနာ့နုဂ္ဂဟအသင်း ဆိုင်းဘုတ်တင်

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၇) ရပ်ကွက် သာသနာ့နုဂ္ဂဟအသင်းဆိုင်းဘုတ်တင် မင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက အမှတ်(၇)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ ခရိုင်သာသနာ့နုဂ္ဂဟအသင်းအဖွဲ့ဝင် ဦးလှအေး၊ မြို့နယ်သာသနာရေးမှူး ဦးဇော်သိန်းဦး၊ အမှတ်(၇) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြစိုးတို့က ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြန်မာ့အလင်း)**

မြဝတီရုပ်မြင်သံကြား

၁၉-၉-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၂၀	၅။	ဓမ္မပူဇာတေး
၇း၂၅	၆။	မျိုးချစ်တပ်မတော်
၇း၃၀	၇။	မြန်မာ့ရှုခင်း
၇း၃၅	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၃။	ပညာပေးဇာတ်လမ်းတို
၈း၂၅	၁၄။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၁	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၂	၃။	နိုင်ငံတော်သီချင်း
၄း၀၅	၄။	အဖွင့်သီချင်း
၄း၁၀	၅။	မျိုးချစ်တပ်မတော်
၄း၁၅	၆။	စိုက်ပျိုးသုတ
၄း၂၅	၇။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၃၅	၈။	လျှပ်တစ်ပြက်
၄း၄၅	၉။	ဗွီစီဒီကျော်ကြားတေး
၅း၀၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွှင်ပြင်** (အပိုင်း-၃၇)
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၄။	သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငှက်ကလေးရဲ့ကောင်းကင်** (အပိုင်း -၇)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	ဒို့တာဝန်အရေး(၃)ပါး
	၁၉။	နိုင်ငံတကာသတင်း
	၂၀။	မိုးလေဝသသတင်း
	၂၁။	Talk of the Town
	၂၂။	မေးမြန်းစူးစမ်း
	၂၃။	သီဆိုဖြေဖျော် တစ်ကိုယ်တော်
	၂၄။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း -၅၂)
	၂၆။	Mini Series

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစု ရွှေ့ပြောင်းစံပြစက်မှုလယ်ယာ ဧက ၅၀၀ စိုက်ကွင်း၌ မကွေးတိုင်းဒေသကြီးမှ ကြံစိုက်တောင်သူများအား ရှင်းလင်းပြသစဉ်။ (သတင်းစဉ်)

ကြံစိုက်တောင်သူများ အထွက်နှုန်းတိုးတက်အောင်လုပ်ဆောင် အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်များ ပြောင်းလဲသုံးစွဲ

နေပြည်တော် စက်တင်ဘာ ၁၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ နံနက်၇နာရီခွဲတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစု ရွှေ့ပြောင်းစံပြစက်မှုလယ်ယာ ဧက ၅၀၀ စိုက်ကွင်း၌ မကွေးတိုင်းဒေသကြီး ကြံသီးနှံလုပ်ငန်းမန်နေဂျာဦးခင်မောင်ဝင်း ဦးဆောင်သော မကွေး၊ တောင်တွင်းကြီးနှင့် အောင်လံမြို့နယ်တို့မှ ကြံစိုက်တောင်သူ ၆၀၊ ဒုရက်ဘို သကြားစက်ရုံနှင့် ကံလှသကြားစက်ရုံတို့မှ စိုက်ကွင်းတာဝန်ခံ ငါးဦး စုစုပေါင်း ၆၅ ဦးတို့အား တစ်ဧကပျမ်းမျှ တန် ၅၀ အထက် ထွက်ရှိမည့် တောင်သူပညာပေး အထူးအထွက်တိုး ကြံစိုက်ခင်းသစ် လေးဧက၌ တွေ့ဆုံ၍ ကြံစိုက်တောင်သူများ တွက်ခြေကိုက်ပြီး ဝင်ငွေတိုးတက်ရရှိမှသာ စိုက်လိုအားတိုးတက်ကာ သကြားစက်ရုံများ ကုန်ကြမ်းအပြည့်အဝ ရရှိမည်ဖြစ်ကြောင်း၊ သကြားစက်ရုံများကုန်ကြမ်း လုံလုံလောက်လောက် ရရှိမှသာလျှင် သကြားထုတ်လုပ်မှုကဏ္ဍ တိုးတက်လာမည်ဖြစ်ကြောင်း၊ လက်ရှိစိုက်ပျိုးနေသော ကြံများ မျိုးမကောင်း၍ အထွက်နှုန်း ညံ့ဖျင်းခြင်း၊ ဈေးနှုန်းတွက်ခြေ မကိုက်ခြင်းတို့ကြောင့် ကြံစိုက်တောင်သူများ ဝင်ငွေနည်းပါးရခြင်းဖြစ်ကြောင်း၊ တောင်သူများ အထွက်နှုန်းတိုးတက်အောင် လုပ်ဆောင်ကြရန်လိုအပ်ပြီး နိုင်ငံတော်ကလည်း ကြံတစ်တန်၏တန်ဖိုး ကြမ်းခင်းဈေးကို တစ်တန်လျှင်ငွေကျပ် ၃၀၀၀၀ သတ်မှတ်လိုက်သဖြင့် ယခင်တစ်တန် ငွေကျပ် ၁၅၀၀၀ မှ ဝင်ငွေနှစ်ဆတိုးလာသည့်သဘောဖြစ်ကြောင်း၊ ကြံသီးနှံအထွက်ကောင်းစေရေးအတွက် အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်း မျိုးကောင်းမျိုးသန့်များ ပြောင်းလဲသုံးစွဲကြရန်၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို ဂရုတစိုက် လိုက်နာကျင့်သုံးကြရန်၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး သွင်းအားစုများ နည်းစနစ်မှန်ကန်စွာ ထည့်သွင်းသုံးစွဲရန်၊ ထုတ်လုပ်မှုစရိတ် လျှော့ကျရေးအတွက် အလေအလွင့် နည်းစေရန်နှင့်ကုန်ကျစရိတ်သက်သာစေရေးဆောင်ရွက်ရန်၊ ခိုင်မာသော ဈေးကွက်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ကြည့်ရှုလေ့လာ

ထို့နောက် လေ့လာရေး တောင်သူများသည် တစ်ဧကပျမ်းမျှ တန်၆၀ အထက်ထွက်ရှိမည့် တောင်သူပညာပေး မျိုးသန့်မျိုးပွား စိုက်ခင်း ၁၀ ဧကသို့ ရောက်ရှိပြီး ကြံသီးနှံ အထွက်တိုးရေးအတွက် မြေပြုပြင်ခြင်း၊ စိုက်မြောင်းတူးခြင်း၊ မျိုးကြံများခုတ်ပိုင်းခြင်း၊ ဆေးရည်စိမ်ခြင်း၊ မျိုးပိုင်းထည့်သွင်းစိုက်ပျိုးခြင်း၊ ပေါင်းတင်ခြင်း၊ အပင်ပြုစုခြင်းစသော သိပ္ပံနည်းကျစိုက်နည်းစနစ် အဆင့်ဆင့်ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် လေ့လာရေးတောင်သူများသည် ဇေယျာသီရိမြို့နယ် သပြေပင်ကျေးရွာအနီး တစ်ဧကပျမ်းမျှ တန် ၆၀ အထက်ထွက်ရှိမည့် တောင်သူပညာပေး ကြံ ၂၅ ဧက စိုက်ခင်း၌ သိပ္ပံနည်းကျ စိုက်နည်းစနစ်များနှင့်အညီ ပြုစုဆောင်ရွက်ထားမှု၊ ပျဉ်းမနားမြို့နယ် ကျီအင်းကျေးရွာအနီး တစ်ဧကပျမ်းမျှတန် ၆၀ အထက် ထွက်ရှိမည့် တောင်သူပညာပေး အထူးအထွက်တိုး ကြံ ၁၀ ဧက စိုက်ခင်း၌ တစ်သျှူး မျိုးပွားနည်းဖြင့် စိုက်ပျိုးထားသော သကြားဓာတ် ၂၀ မှ ၂၄ ရာခိုင်နှုန်း ပါဝင်သော ကြံမျိုးသစ်များ စမ်းသပ်စိုက်ပျိုးထားမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

ပြောင်းလဲစိုက်ပျိုး

မကွေးတိုင်းဒေသကြီး၌ ကြံစိုက်ဧရိယာ ၁၃၇၈၃ ဧက ရှိရာ ကြံတစ်တန်လျှင် မူလက ငွေကျပ်၁၅၀၀၀မှ ကြမ်းခင်းဈေးငွေကျပ်၃၀၀၀၀တိုးမြှင့်ပေးထားခြင်း၊ ယခင်က ကြံ တစ်ဧကလျှင် တန် ၂၀ နှုန်း ထွက်ရှိသော ကြံမျိုးအစား တစ်ဧကလျှင် ပျမ်းမျှ တန် ၅၀ အထက် ထွက်ရှိသော ကြံမျိုးသစ်များဖြင့် အစားထိုးစိုက်ပျိုးခြင်း၊ စိုက်နည်းစနစ်ဟောင်းများအစား သိပ္ပံနည်းကျစိုက်နည်းစနစ်များဖြင့် ပြောင်းလဲစိုက်ပျိုးကြမည်ဖြစ်၍ ကြံစိုက်တောင်သူများ၏ ဝင်ငွေသုံးဆ တိုးတက်လာမည်ဖြစ်သဖြင့် တောင်သူများ ဝမ်းမြောက်ဝမ်းသာဖြစ်နေကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ၌ သဘာဝအရင်းအမြစ်နှင့် လူ့စွမ်းအားအရင်းအမြစ်များရှိပြီးဖြစ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးအောင်ဆောင်ရွက်ပါက ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်လာမည်

နေပြည်တော် စက်တင်ဘာ ၁၈

အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄၂) သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီက ဇဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်အမှာစကား ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်း၊ ပညာရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဦးအေးကြူ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာမြင့်အောင်၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် တာဝန်ရှိသူများ၊ အခြေခံပညာ ဆရာ ဆရာမ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၅၀၇ ဦး တက်ရောက်ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကားပြောကြားရာတွင် ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံသားတိုင်း လိုက်နာစောင့်ရှောက် ကာကွယ်သွားကြရမည့် အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို အောင်မြင်အောင် စွမ်းဆောင်နိုင်ရန်အတွက် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ နိုင်ငံတော်ကာကွယ်ရေးအင်အားဖြစ်သည့် အင်အားသုံးရပ် တောင့်တင်းခိုင်မာရန် လိုကြောင်း၊ အင်အားသုံးရပ်တောင့်တင်းခိုင်မာရန်အတွက် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိက မဏ္ဍိုင်သည် ပညာရေးဖြစ်ကြောင်း၊ လူသားတစ်ဦးချင်းအနေဖြင့် သော်လည်းကောင်း၊ လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် အနေဖြင့်သော်လည်းကောင်း၊ နိုင်ငံတစ်နိုင်ငံအနေဖြင့်သော်လည်းကောင်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပညာကို မဏ္ဍိုင်ပြုပြီး လိုရာခရီးသို့ ချီတက်ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သဘာဝအရင်းအမြစ်ရော လူ့စွမ်းအားအရင်းအမြစ်ပါ နှစ်မျိုးစလုံးရှိပြီးဖြစ်ရာ လူ့စွမ်းအားအရင်းအမြစ်ကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ပါက မုချမသွေ ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်လာမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ထမ်းများအားလုံးတို့သည် ကာယ၊ ဉာဏစွမ်းအားရှိသလောက် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ နိုင်ငံတော်က အပ်နှင်းထားသည့်လုပ်ပိုင်ခွင့်ကို တလွဲအသုံးချပြီး အပေါင်းအသင်း ရောင်းရင်းများဖြစ်သဖြင့် အခွင့်အရေးပိုပေးထားခြင်းများ၊ ဆွေမျိုးသားချင်းများဖြစ်၍ အခွင့်အလမ်းများပိုပြီး ဖန်တီးပေးခြင်းများ မလုပ်မိအောင် ရှောင်ကြဉ်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများကို အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ ကြိုးပမ်း တည်ဆောက်လျက်ရှိရာတွင် နယ်မြေဒေသအသီးသီးမှ ဆရာ ဆရာမများကလည်း မိမိတို့ကျရာကဏ္ဍကနေ ပြည်သူများအပေါ် စေတနာထားပြီး အလုပ်အကျွေးပြုကြရမည် ဖြစ်ကြောင်း၊ နိုင်ငံသူ နိုင်ငံသားတိုင်း အခြေခံစာတတ်မြောက်ပြီး မြန်မာ့လူ့အဖွဲ့အစည်းကို အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းဖြစ်အောင် ဖော်ဆောင်ပေးကြရမည်ဖြစ်ကြောင်း၊ ကျောင်းပညာရေး၊ ကျောင်းပြင်ပ ပညာရေးနှင့် မိမိကိုယ်တိုင် သတ်မှတ်သင်ယူသည့် ပညာရေးတို့ကို နိုင်ငံသားအားလုံး၏ အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ဆတက်ထမ်းပိုး တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့နည်းပပျောက်ရေးအတွက် အဓိက ဆောင်ရွက်ရမည်မှာ စာမတတ်သူ ပပျောက်ရေးဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် စာမတတ်သူ ပပျောက်ရေးကို အဓိက ဆောင်ရွက်ပေးနေသည့် ကျောင်းပြင်ပ ပညာရေး (Non-Formal Education) လုပ်ငန်းများကိုလည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ထူးချွန်ဆုရ သင်တန်းသား သင်တန်းသူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို တပ်ခွဲအလိုက် ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသည် သင်တန်းဆင်းဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ ဇဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄၂) သင်တန်းဆင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ရုံးလုပ်ငန်းအထောက်အကူပြု ကွန်ပျူတာသင်တန်းအမှတ်စဉ်(၃/၂၀၁၁)သင်တန်းဆင်းပွဲတက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၈

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် အနာဂတ်တွင်ဖြစ်ပေါ်လာမည့် ဓာတ်အားစနစ် (National Grid)ကို ICT စနစ်ဖြင့် ထိန်းချုပ်မောင်းနှင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်ရာ မိမိတို့ဝန်ကြီးဌာနအနေဖြင့် အနာဂတ်စီမံချက်များတွင် ကွန်ပျူတာ၏အခန်းကဏ္ဍသည် အရေးပါလာကြောင်း၊ သင်တန်းသားများအနေဖြင့် အနာဂတ်ဓာတ်အားစနစ် ထိန်းသိမ်းမောင်းနှင်မှု စီမံချက်များတွင် ပါဝင်နိုင်သော ကွန်ပျူတာကျွမ်းကျင်ဝန်ထမ်းများဖြစ်အောင် ဆက်လက်ကြိုးစားသွားစေလိုကြောင်းဖြင့် စက်တင်ဘာ ၁၆ရက်တွင် ကျင်းပသည့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးလုပ်ငန်းအထောက်အကူပြု ကွန်ပျူတာ သင်တန်းအမှတ်စဉ် (၃/၂၀၁၁)သင်တန်းဆင်းပွဲ၌ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဒုတိယဝန်ကြီးသည် ထူးချွန်ဆုရ သင်တန်းသား သင်တန်းသူများအား ဆုများနှင့် သင်တန်းသားခေါင်းဆောင်ထံ သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ရုံးလုပ်ငန်းအထောက်အကူပြု ကွန်ပျူတာ သင်တန်းအမှတ်စဉ် (၃/၂၀၁၁)တွင် ထူးချွန်ဆုရ သင်တန်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၈-၉-၂၀၁၁

သံတွဲမြို့
၄ ဒသမ ၃၃ လက်မ

လောင်းလုံမြို့
၃ ဒသမ ၃၅ လက်မ

ထားဝယ်မြို့
၂ ဒသမ ၇၂ လက်မ

မိုးကုတ်မြို့
၂ ဒသမ ၃၆ လက်မ

နိုင်ငံတကာသတင်းများ



ကလပ်စတာဗုံးများသုံးစွဲမှု တားမြစ်ရန် ဘေရွတ်ညီလာခံက တိုက်တွန်း

ဘေရွတ် 　 စက်တင်ဘာ 　 ၁၈

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တော်၌ ကလပ်စတာဗုံးများဆိုင်ရာ ညီလာခံ လေးရက်ကြာ ကျင်းပလျက်ရှိရာ နိုင်ငံပေါင်း (၁၃၀)မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ပြစ်တင်ရှုတ်ချ

ညီလာခံတက်ရောက်သူများက အစ္စရေးမှ ၂၀၀၆ ခုနှစ်တွင် လက်ဘနွန်နိုင်ငံအပေါ် ကလပ်စတာဗုံးများကြဲချမှု **(ဝဲပုံ)**အပါအဝင် ကမ္ဘာတစ်ဝန်း ကလပ်စတာဗုံးများ အသုံးချမှုကို ပြစ်တင်ရှုတ်ချကြသည်။

ဘေရွတ်ညီလာခံမှာ ကလပ်စတာဗုံးများဆိုင်ရာ ကွန်ဗင်းရှင်း၏ ဒုတိယအကြိမ်ညီလာခံဖြစ်သည်။ ဤကွန်ဗင်းရှင်းက ကလပ်စတာဗုံးများသုံးစွဲမှု၊ထုတ်လုပ်မှု၊ စုဆောင်းသိုလှောင်မှုနှင့်လွှဲပြောင်းပေးအပ်မှုတို့ကို တားမြစ်ထားသည်။ **(အင်တာနက်)**

[illegible]

ဂျေရုဆလင် 　 စက်တင်ဘာ 　 ၁၈

အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြား ငြိမ်းချမ်းရေးကို စေ့စပ်ဆွေးနွေးခြင်းဖြင့်သာ ရရှိနိုင်ကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက စက်တင်ဘာ ၁၇ ရက်၌ ပြောကြားလိုက်သည်။

ရည်ရွယ်

၁၉၆၇ ခုနှစ် နယ်မြေကို အခြေခံသည့် ပါလက်စတိုင်းနိုင်ငံကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အသိအမှတ်ပြုရေးအတွက် ဖိအားပေးသွားရန် ရည်ရွယ်ကြောင်း ပါလက်စတိုင်းအမျိုးသား အာဏာပိုင်အဖွဲ့ ဥက္ကဋ္ဌ မာမွတ်အဘတ်စ်၏ မိန့်ခွန်းကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ထုတ်ဖော်ကြေညာ

ကုလသမဂ္ဂတွင် တစ်ဖက်သတ် ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ ဟားမတ်စ်အကြမ်းဖက်အဖွဲ့နှင့် ဆက်သွယ်ခြင်းဖြင့်လည်းကောင်း ငြိမ်းချမ်းရေးရနိုင်မည် မဟုတ်ကြောင်း၊ ငြိမ်းချမ်းရေးကို စေ့စပ်ဆွေးနွေးခြင်းဖြင့်သာ ရယူနိုင်မည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ထုတ်ဖော်ကြေညာလိုက်သည်။ **(အင်တာနက်)**

ဆင်းရဲမွဲတေမှု လျှော့ပါးရေး ငွေကြေးပိုမိုထည့်ဝင်ရန် ဘန်ကီမွန်းတိုက်တွန်း

ဂျီနီဗာ 　 စက်တင်ဘာ 　 ၁၈

၂၀၁၅ ခုနှစ် ကုလသမဂ္ဂ ထောင်စုနှစ်ရည်မှန်းချက်များ (အမ်ဒီဂျီ) အောင်မြင်ရေးအတွက် ငွေကြေးပိုမိုထည့်ဝင် ပေးသွင်းကြပါရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက စက်တင်ဘာ ၁၇ ရက်တွင် တိုက်တွန်းနှိုးဆော်လိုက်သည်။

ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်များ အောင်မြင်အောင် ဖော်ဆောင်မှုကို ယခုအခါ အတားအဆီးဖြစ်စေသည့်ဆိုးရွားသော ဘဏ္ဍာရေးအခြေအနေကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ထောက်ပြလျက် ကုလသမဂ္ဂဌာနချုပ်တွင် အထက်ပါအတိုင်းနှိုးဆော်လိုက်ခြင်းဖြစ်သည်။ ဆင်းရဲမွဲတေမှုလျှော့ချရေး၊ ငတ်မွတ်ခေါင်းပါးမှု၊ ကိုယ်ဝန်ဆောင်နှင့် ကလေးသူငယ်သေဆုံးမှုလျှော့ချရေး၊ ရောဂါဘယ ဖြစ်ပွားမှုလျှော့ချရေး၊ ကျား၊ မ ခွဲခြားမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှု လျှော့ပါးမှုနှင့်တကွ အခြားသော လူမှုအနိဋ္ဌာရုံများ လျှော့ချရေးများကို ရည်ရွယ်သည့် ထောင်စုနှစ်ရည်မှန်းချက်များကို တစ်ကမ္ဘာလုံးက သဘောတူလက်ခံခဲ့ကြသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ (၁၈-၉-၂၀၁၁)

တင်မောင်လွင် – စုစည်းသည်

တရုတ်နိုင်ငံ၌ ကမ္ဘာလှည့်ခရီးသည်တင် ဘတ်စ်ကားမှောက်

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း တောင်ထူထပ်သော ဒေသတစ်ခု၏ လမ်းတစ်နေရာ၌ စက်တင်ဘာ ၁၇ ရက်က ကမ္ဘာလှည့် ခရီးသည်တင် ဘတ်စ်ကားတစ်စီး တိမ်းမှောက်မှုဖြစ်ပွားသဖြင့် ခုနစ်ဦးသေဆုံးပြီး ၃၀ ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။ အဆိုပါ မတော်တဆမှုသည် စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ ခန့်က စီချွမ်ပြည်နယ် အဘာဒေသတီဘက်ကီယန် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုနယ်အတွင်း စုပန်စီရင်စုရှိ ဟူအန်လောင် ကမ္ဘာလှည့်ခရီးသွားများ ရပ်နားရာနေရာအနီး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ခြောက်ဦးမှာ ယင်းနေရာတွင်ပင် ပွဲချင်းပြီးသေဆုံးပြီး ကျန်တစ်ဦးမှာ ဆေးရုံ၌သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဒေသအာဏာပိုင်များက ဆက်လက်ပြောကြားသည်။ (အင်တာနက်)

ဟောင်ကောင်၌ ကိုကင်းတန်ဝက်ခန့် သိမ်းဆည်းရမိ

ဟောင်ကောင်တွင် မူးယစ်ဆေးဝါးနှိမ်နင်းရေး ဆောင်ရွက်ခဲ့ရာ မူးယစ်ဆေးဝါးတန်ဝက်ခန့် သိမ်းဆည်းရမိကြောင်း ရဲတပ်ဖွဲ့က စက်တင်ဘာ ၁၈ ရက်တွင် ပြောကြားသည်။ အဆိုပါ မူးယစ်ဆေးဝါး ကိုကင်းများကို ဟောင်ကောင်မြို့၏ ကုန်လှောင်ရုံနှင့် လူနေအိမ်များအပါအဝင် နေရာငါးနေရာမှ သိမ်းဆည်းရမိခဲ့ပြီး ကြမ်းခင်းဈေး အမေရိကန်ဒေါ်လာ ၇၇ သန်းဖိုးရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

ဂျပန်နိုင်ငံ ဟွန်ရှူးကမ်းခြေအရှေ့ဘက်၌ မြေငလျင်လှုပ်

ဂျပန်နိုင်ငံ ဟွန်ရှူးကမ်းခြေအရှေ့ဘက်အနီး စက်တင်ဘာ ၁၇ ရက် ဂရင်းနစ်စံတော်ချိန် ၇ နာရီ ၃၃ မိနစ်က အင်အားရစ်ချ်တာစကေး ၅ ဒသမ ၉ အဆင့်ရှိ မြေငလျင်တစ်ခုလှုပ်သွားကြောင်း အမေရိကန်မြေငလျင်တိုင်းတာရေးဌာနက စက်တင်ဘာ ၁၈ ရက်တွင် ထုတ်ပြန်သည်။ ယင်းငလျင်သည် မြောက်လတ္တီတွဒ် ၄၀ ဒသမ ၃၀၈၅ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၄၂ဒသမ ၉၀၁၁ ဒီဂရီကြား မြေအောက်အနက် ၃၉ ဒသမ ၅၀ ကီလိုမီတာ၌ ဗဟိုပြုလှုပ်ခတ်သွားခြင်းဖြစ်သည်။ (အင်တာနက်)

ကမ္ဘောဒီးယား၌ ရေကြီး၊ ၁၄ ဦးသေဆုံး

ကမ္ဘောဒီးယားနိုင်ငံ၌ တစ်ပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုများဖြစ်ပေါ်မှုကြောင့် ကမ္ဘောဒီးယားနိုင်ငံသား ၁၄ ဦး သေဆုံးခဲ့ကြောင်း အစိုးရအရာရှိများက စက်တင်ဘာ ၁၇ ရက်၌ ပြောကြားသည်။ စက်တင်ဘာ ၁၀ ရက်မှ ၁၆ရက်အထိ နိုင်ငံအတွင်း၌ လေပြင်းများ တိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုများဖြစ်ပေါ်ကာ ကမ္ဘောဒီးယားနိုင်ငံသား ၁၄ ဦး သေဆုံးခဲ့ကြောင်း၊ အဆိုပါမိုးရွာသွန်းမှုသည် နိုင်ငံအလယ်ပိုင်းရှိ ကွန်ပွန်တွန်ပြည်နယ်၌ စံချိန်တင်ရွာသွန်းခဲ့ခြင်းဖြစ်ပြီး သေဆုံးသူအများဆုံး ၁၁ ဦးအထိ ရှိလာနိုင်ကြောင်း၊ သေဆုံးသူ ငါးဦးမှာ ကလေးများဖြစ်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် စီမံကွပ်ကဲရေးအရာရှိ ကီအိုဗီက ပြောကြားခဲ့သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် ——— စုစည်းသည်

အမေရိကန် အရှေ့ပိုင်း၌ လေယာဉ်တစ်စင်း ပျက်ကျ

နယူးယောက် 　 စက်တင်ဘာ 　 ၁၈

အမေရိကန်နိုင်ငံ အရှေ့ပိုင်းတွင် စက်တင်ဘာ ၁၇ ရက်က လေကြောင်းပြပွဲတစ်ရပ်ကျင်းပစဉ် လေယာဉ်တစ်စင်းပျက်ကျခဲ့ကြောင်း အမေရိကန်လေကြောင်းအရာရှိများက စက်တင်ဘာ ၁၈ ရက်၌ ပြောကြားသည်။ **(အပေါ်ပုံ)**

ပြောကြား

မာတင်ဘူရီအရပ် ဝေဟင်၌ကျင်းပသည့် လေကြောင်းပြပွဲတွင် လေယာဉ်ခြောက်စင်းယှဉ်တွဲကာ သရုပ်ပြပျံသန်းစဉ် တီ-၂၈ လေယာဉ်တစ်စင်းမှာ ပျက်ကျခဲ့ခြင်းဖြစ်သည်။ လေယာဉ်ပျက်ကျမှုမှာ မတော်တဆ ဖြစ်ရပ်ကြောင့်ဖြစ်ပြီး လေယာဉ်မှူးမှာ လေယာဉ်ကို မထိန်းသိမ်းနိုင်ဘဲ ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု အနောက်ဗာဂျီးနီးယား အမျိုးသား လေတပ်အစောင့်တပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

၎င်းလေယာဉ်ပျက်ကျမှုမှာ အမေရိကန်နိုင်ငံ နီဗားဒါးပြည်နယ်၌ ကျင်းပသည့် လေကြောင်းပြပွဲတစ်ရပ်တွင် လူကိုးဦး သေဆုံးခဲ့ရသည့် လေယာဉ်ပျက်ကျမှုအပြီး နောက်တစ်ရက်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

အိန္ဒိယမြောက်ပိုင်း၌ ဗုံးပေါက်ကွဲမှုဖြစ်၊ ခြောက်ဦးဒဏ်ရာရရှိ

နယူးဒေလီ 　 စက်တင်ဘာ ၁၈

အိန္ဒိယနိုင်ငံမြောက်ပိုင်း အက်ရာမြို့တွင်ရှိသော ပုဂ္ဂလိကဆေးရုံတစ်ရုံ၌ စက်တင်ဘာ ၁၇ ရက်က ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း အိန္ဒိယမီဒီယာများက စက်တင်ဘာ ၁၈ ရက်၌ ဖော်ပြသည်။ **(ယာပုံ)**

ပြောကြား

ဖြစ်ပွားမှုမှာ အက်ရာမြို့ရှိ ဂျိုင်အမည်ရှိ ပုဂ္ဂလိက ဆေးရုံတွင်ရှိသော စုံစမ်းရေးကောင်တာ၏ ထိုင်ခုံတစ်လုံးအောက်၌ ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့အရာရှိတစ်ဦးဖြစ်သူ ပီကေတီဝါရီက ပြောကြားသည်။

ဒဏ်ရာရရှိ

ယခုဗုံးပေါက်ကွဲမှုမှာ အကြမ်းဖက်တိုက်ခိုက်မှုတစ်ရပ်ဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူများကို ဆေးကုသမှုခံယူလျက်ရှိကြောင်း၊ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ပြီးခဲ့သည့် ၁၀ ရက်ကလည်း နယူးဒေလီမြို့ တရားရုံး၌ ဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ရာ ၁၅ ဦး သေဆုံးပြီး ၉၀ ခန့် ဒဏ်ရာရရှိခဲ့သည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ ရှန်စီပြည်နယ်၌ မြေပြိုမှုဖြစ်ပွား ကိုးဦးသေဆုံး၊ အချို့ပျောက်ဆုံးနေ

စီအင် 　 စက်တင်ဘာ 　 ၁၈

တရုတ်နိုင်ငံ ရှန်စီပြည်နယ် အနောက်မြောက်ပိုင်းတွင် စက်တင်ဘာ ၁၈ ရက်က မိုးသည်းထန်ပြီး မြေပြိုမှုဖြစ်ပွားခဲ့ရာ သေဆုံးသူကိုးဦးရှိကာ အချို့ ပျောက်ဆုံးလျက်ရှိကြောင်း တရုတ်အရာရှိများက ပြောကြားသည်။ **(ဝဲပုံ)**

ရှန်စီပြည်နယ် မြို့တော်စီအင်မြို့ဆင်ခြေဖုံးရှိဘိလပ်မြေစက်ရုံတစ်ရုံအနီးသို့ စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီခန့်က အနီးရှိတောင်ပေါ်မှ ကျောက်တုံးများနှင့် မြေစိုင်ခဲကြီးများပြိုကျမှုဖြစ်ပွားခဲ့ရာ ၎င်းစက်ရုံလည်း ပျက်စီးခဲ့သည်။

တင်ပို့ထား

ထိုသို့ မြေပြိုကျမှုကြောင့် ကနဦး လေးဦးသေဆုံးခဲ့ပြီး နောက်ထပ်ငါးဦးသေဆုံးနေမှုကို မြေကြီးများအောက်မှရှာဖွေတွေ့ရှိခဲ့သည်။ ဒဏ်ရာရရှိသူ ငါးဦးကို ဆေးရုံသို့တင်ပို့ပေးထားသည်။ သေဆုံးသူများမှာ ဒေသခံများဖြစ်ကြသည်။

ဆောင်ရွက်ပေး

ပျောက်ဆုံးနေသူများလည်း တစ်ဒါဇင်ခန့်ရှိနိုင်ကြောင်း ပတ်ဝန်းကျင်နေထိုင်သူများက ပြောကြားသည်။ ၎င်းတို့အား ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံအကူညီပေးရေးအဖွဲ့ဝင် စုစုပေါင်း ၇၀၀ ကျော်တို့က ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည်။ **(အင်တာနက်)**

ကားလမ်းနှင့်တံတားများ ပြုပြင်ဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၈

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက နေပြည်တော် - တောင်ညို - မြို့သစ် - ကန်ပြား-(မကွေး) ကားလမ်းမိုင်တိုင် အမှတ် (၉/၃)နှင့် (၉/၄)အကြားတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကျချောင်းရေတိုက်စားပြီး ပျက်စီးသွားသည့် ငလိုက်ချောင်းတံတား ပေ ၂၀၊ လေးခန်းတွဲ Box Culvert နေရာ၌ အစားထိုး တည်ဆောက်လျက်ရှိသော နှစ်လွှာတစ်ထပ်ဘေလီ ပေ ၁၃၀ နှင့် နှစ်လွှာနှစ်ထပ်ဘေလီ ပေ ၇၀ စုစုပေါင်း အရှည်ပေ ၂၀၀ ရှိ ဘေလီတံတားပေါ်မှ လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မကွေး - မြို့သစ် - နတ်မောက်-ရှာမွန်-ပျော်ဘွယ် လမ်းပေါ်ရှိ ယင်းချောင်းတံတား ရေတိုက်စားမှုအား ပြန်လည်ပြုပြင်နေမှု၊ အရှည်ပေ ၅၅၀ ရှိ ဝါးခုတ်ချောင်း ရေကျော်တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရောက်ရှိ

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျားထူးချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ကွန်ကရစ်ရက်မများ တစ်ပြိုင်တည်း သွန်းလောင်းနေမှု၊ တံတားလက်ရန်းများ၊ တံတားကြမ်းခင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကျားထူးချောင်းတံတားသည် မကွေးတိုင်းဒေသကြီး မကွေး-နတ်မောက်-ပျော်ဘွယ်လမ်းပေါ်တွင်တည်ရှိ၍ တံတားအမျိုးအစားမှာ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး တံတားအရှည် ပေ ၄၈၀ ၊ ယာဉ်သွားလမ်းအကျယ် ၂၈ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိကာ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နတ်မောက် - ပျော်ဘွယ်လမ်းမှ ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်သို့ အတက်အဆင်းလမ်း ဆောင်ရွက်ရန်အတွက် စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးခင်မောင်မြင့် ကျားထူးချောင်းတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ပန်းတနော်မြို့နယ် မရမ်းကျေးရွာ၌ ဒေသခံပြည်သူများအား တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးရေးလုပ်ငန်း အရှိန်အဟုန်မပျက် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၈

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် စက်တင်ဘာ ၁၇ရက် နံနက် ၈နာရီ ၄၅မိနစ်က ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်း စိစစ်ကြီးကြပ်ရေးအဖွဲ့ဝင်များက အများပြည်သူ ရုံးပိတ်ရက်တွင် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ သတ်မှတ်နှုန်းထားနှင့် သတ်မှတ်ကာလအတွင်း လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် ဖြေလျှော့ဆောင်ရွက်ပေးနေမှု၊ ပြည်သူများအပိုင်းက စာရင်းဇယားပုံစံများတွင် အချက်အလက်များ မှန်ကန်စွာ ဖြည့်သွင်းနိုင်ရေးအတွက်လိုက်နာဆောင်ရွက်ရမည့်အချက်အလက်များ၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပျက်စီးပျောက်ဆုံးမှု မရှိစေရေးအတွက် ဂရုပြုထိန်းသိမ်းရေး၊ မိမိသဘောအလျောက် ပြုပြင်ရေးသားခြင်း မပြုကြရေးတို့နှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး လုပ်ငန်းဆိုင်ရာ အခက်အခဲများကို မေးမြန်းဆွေးနွေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ပန်းတနော်မြို့နယ် မရမ်းကျေးရွာရှိ ကိုးနဝင်းအောင်ဓမ္မာရုံနှင့် ကျောင်းကုန်းမြို့နယ် ကညင်သုံးဆင့်ကျေးရွာရှိ သာသနာ့ရက္ခိတကျောင်းတိုက် ဓမ္မာရုံတို့၌ မိမိဌာနဝန်ထမ်းများနှင့် တာဝန်ရှိသူများပူးပေါင်းကာ ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေးနေမှု တို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူများအား ပုသိမ်မြို့ရှိ ရဲရိပ်သာဧည့်ခန်းမ၌ တွေ့ဆုံကာ တိုင်းဒေသကြီးအတွင်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီးအတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီး/ခရိုင်/မြို့နယ်ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများအား ပုသိမ်မြို့ ရောချွေဝါခန်းမ၌ တွေ့ဆုံ၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းသည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည်နှင့်အညီ အရှိန်အဟုန်မပျက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့ဆောင်ရွက်နေသည့်လုပ်ငန်းသည် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်၍ ပြည်သူအပေါ် ယဉ်ကျေးပျူငှာစွာဆက်ဆံကာ ပြည်သူ့ဆန္ဒကို အလေးထား ဖြည့်ဆည်းပေးကြရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကျောက်တော်၊ ပလက်ဝ မြို့မိမြို့ဖများနှင့် တွေ့ဆုံ ဒေါင်းတော်ယိုးအဆင့်မြင့်စုပေါင်းလယ်ယာ ဓာတ်မြေဩဇာကြဲပက်ပွဲ ကြည့်ရှုအားပေး

နေပြည်တော် စက်တင်ဘာ ၁၈

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက ကျောက်တော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကစ္ဆပနဒီခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တောင်သူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်ဒေသဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မွန်းတည့် ၁၂ နာရီတွင် ကျောက်တော်မြို့နယ် ဒေါင်းတော်ယိုးအဆင့်မြင့်စုပေါင်းလယ်ယာ မိုးစပါးဧက ၁၀၀ စိုက်ကွင်း၌ အသင်းသူ အသင်းသားများ၏ ဓာတ်မြေဩဇာ ကြဲပက်နေမှုများကို ကြည့်ရှုအားပေးပြီး စုပေါင်းလယ်ယာအသင်းဝင်တောင်သူများအား တွေ့ဆုံအားပေးသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ညနေ ၅ နာရီတွင် ပလက်ဝမြို့ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့ရေးရာ အရာရှိသင်တန်းဆင်းများ တွေ့ဆုံပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၈

ဗဟိုဝန်ထမ်းတက္ကသိုလ်(ယခင် ဗဟိုပြည်သူ့ဝန်ထမ်းကျောင်း) ဖောင်ကြီး ပြည်သူ့ရေးရာအရာရှိသင်တန်း အောင်ဆန်း(၁)မှ သင်တန်းဆင်းအရာရှိများ တွေ့ဆုံပွဲကို ဒီဇင်ဘာလအတွင်း ရန်ကုန်မြို့၌ကျင်းပမည်ဖြစ်ရာ နေရပ်လိပ်စာ ပေးပို့ခြင်းမပြုရသေးသူများသည် တွေ့ဆုံပွဲကျင်းပရေးအဖွဲ့ဝင် ဦးသောင်းကြည် ဖုန်း-၀၁-၅၀၁၇၁၆ နှင့် ဦးစံမြင့် ဖုန်း-၀၉-၇၃၀၂၅၂၇၉ တို့ထံသို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

တောင်ငူအသင်း(ရန်ကုန်)၏ ၂၀၁၀-၂၀၁၁ခုနှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်ဝင်း မန္တလေးနည်းပညာတက္ကသိုလ်မှ အင်ဂျင်နီယာ ပါရဂူဘွဲ့ရရှိပြီး ဂျာမနီနိုင်ငံမှ အင်ဂျင်နီယာပါရဂူဘွဲ့ (Doctor of Engineering) နှင့် Post Doctoral Degreeဘွဲ့များရရှိခဲ့သော ဒေါက်တာ ဆုမြတ်ရွှေစင်အား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေတို့ ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာခြင်းလုံးနည်းပြနှင့် ဒိုင်လူကြီးသင်တန်းအမှတ်စဉ် (၁/၂၀၁၁) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးနိုင် သင်တန်းဖွင့်အမှာစကားပြောကြားစဉ်။ (မြန်မာ့အလင်း)

အင်အားပြင်းငလျင်တစ်ခုလှုပ်

နေပြည်တော် စက်တင်ဘာ ၁၈

ယနေ့ ည ၇ နာရီ ၁၃ မိနစ် ၅၀ စက္ကန့်အချိန် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၆၃၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (ဆစ်ကင်ပြည်နယ်၊အိန္ဒိယနိုင်ငံ)နေရာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ *(သတင်းစဉ်)*

မန့်ဟီးရိုးမြို့၌ နိုင်ငံသားကတ်ပေးအပ်

မူဆယ် စက်တင်ဘာ ၁၈

ရှမ်းပြည်နယ် မူဆယ်ခရိုင် မန့်ဟီးရိုးမြို့ နောင်ဟင်ကျေးရွာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရေးလုပ်ငန်းကို ဩဂုတ် ၉ ရက်က ကွင်းဆင်းဆောင်ရွက်ကြပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးသည့်အခမ်းအနားကို မန့်ဟီးရိုးမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရဲဝင်းက နိုင်ငံသားအရည်အချင်း ပြည့်မီသူ ကျောင်းသားကျောင်းသူ ၃၉ ဦးကိုယ်စား ကျောင်းသူတစ်ဦးထံ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့ဟိုတယ်များ ကြယ်ပွင့်အဆင့်သတ်မှတ်မည်

သတင်းမှတ်စု
မောင်ချစ်ကြည်
ဓာတ်ပုံ
အေးနိုင်

ရန်ကုန် စက်တင်ဘာ ၁၈

မြန်မာနိုင်ငံမှာရှိတဲ့ ဟိုတယ်တွေရဲ့ အဆင့်အတန်းနဲ့ပတ်သက်ပြီး ကြယ်ပွင့်သတ်မှတ်ချက်ပြုလုပ်ရေးအတွက် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းညွှန်ကြားမှုဦးစီးဌာနရဲ့ ဟိုတယ်အဆင့်အတန်းမြှင့်တင်ရေးအဖွဲ့က ဆောင်ရွက်တော့မှာဖြစ်ပါတယ်။ နိုင်ငံတကာစံချိန်စံညွှန်းတွေနဲ့အညီ အရည်အသွေးပြည့်ဝတဲ့ဟိုတယ်တွေ ဖြစ်ထွန်းပေါ်ပေါက်လာစေဖို့နဲ့ အဆင့်အတန်းမြင့်မားတဲ့ဟိုတယ်တွေမှာ နိုင်ငံတကာက ခရီးသွားတွေ အဆင့်မီစွာတည်းခိုနိုင်ကြစေဖို့အပြင် မိမိကြိုက်နှစ်သက်တဲ့ ကြယ်ပွင့်အဆင့်လိုက် ရွေးချယ်တည်းခိုနိုင်ကြဖို့ အထောက်အကူပြုပေးနိုင်မှာ ဖြစ်ပါတယ်။

အမှတ်ပေး

ဒီလို ဟိုတယ်တွေကို ကြယ်ပွင့်အဆင့် သတ်မှတ်တဲ့အခါ ဟိုတယ်အဆောက်အအုံတည်ဆောက်မှုရဲ့ စံချိန်စံညွှန်း၊ အခန်းများဖွဲ့စည်းမှုနဲ့ အသုံးအဆောင်ပစ္စည်းများ ထည့်သွင်း ဖြည့်ဆည်းပေးထားမှု၊ ဟိုတယ်ရှိဝန်ထမ်းများ၏ အရည်အချင်းနဲ့ ဝန်ဆောင်မှုပေးနိုင်ရေးတို့အပြင် ဝန်ထမ်းတွေ သင်တန်းတက်ရောက်ထားနိုင်မှု အနေအထား စတဲ့အချက်တွေပေါ်မှာအခြေခံပြီး အမှတ်ပေးသွားမှာ ဖြစ်ပါတယ်။

ဟိုတယ်တွေ ကြယ်ပွင့်အဆင့် သတ်မှတ်တဲ့အခါ ဟိုတယ်အခန်းတွေဖွဲ့စည်းထားမှုနဲ့ အသုံးအဆောင်ပစ္စည်းတွေ ထည့်သွင်းထားမှုအတွက် အမှတ် ၃၀၀ သတ်မှတ်ထားပြီး အနည်းဆုံးအမှတ် ၁၂၀ ရရှိရမှာ ဖြစ်ပါတယ်။ နောက်ပြီး ဟိုတယ်ဝန်ထမ်းတွေရဲ့ အရည်အချင်းပြည့်စုံနေမှုနဲ့ သင်တန်းတွေတက်ရောက်ထားနိုင်မှုအတွက် အမှတ် ၁၀၀ သတ်မှတ်ထားပြီး အနည်းဆုံးအမှတ် ၅၀ရရှိရမှာ ဖြစ်ပါတယ်။

သတ်မှတ်ပေး

နောက်ပြီး ဟိုတယ်အဆောက်အအုံတည်ဆောက်မှုစံချိန်စံညွှန်းနဲ့ ဒီဇိုင်း အမှတ်သတ်မှတ်ချက်က ၁၀၀ဖြစ်ပါတယ်။ အဲဒီအမှတ်ကလည်း အနည်းဆုံး အမှတ် ၅၀ဖြစ်တာမို့ ဒီအချက်အလက်တွေပေါ် အခြေခံစစ်ဆေးပြီး ကြယ်ပွင့်တစ်ပွင့်စီအလိုက် ဟိုတယ်အဆင့်အတန်းကို သတ်မှတ်ပေးသွားမှာဖြစ်ပါတယ်။

ရွေးချယ်တည်းခိုနိုင်

ဒါကြောင့် မကြာမီကာလမှာ မြန်မာ့ဟိုတယ်တွေရဲ့ ကြယ်ပွင့်အဆင့် သတ်မှတ်ချက်တွေ သိရှိလာရတော့မှာဖြစ်သလို ခရီးသွားဧည့်သည်တွေအတွက် စိတ်တိုင်းကျ ရွေးချယ်တည်းခိုနိုင်ကြတော့မှာ ဖြစ်ပါတယ်။ ။

(မြန်မာ့အလင်း)

မြန်မာ့ရိုးရာ နန်းတွင်း ရာမဇာတ်တော်ကြီး ကပြတင်ဆက်ရန် စီစဉ်နေ

ရန်ကုန် စက်တင်ဘာ ၁၈

မြန်မာတို့နှင့် ရာမဇာတ်တော်ကြီးမှာ စိမ်းမနေပါ။ ရာမဇာတ်တော်ထဲမှ သမင်လိုက်ခန်းဆိုလျှင် အဘိုးအဘွားတို့ ညအိပ်ရာဝင်ပြောသည့် ပုံပြင်များတွင် ပါတတ်သည်။ သို့ရာတွင် ရာမဇာတ်တော်ကြီး၏ ဇာတ်ခန်းအပြည့်အစုံကို စုံလင်စွာကြည့်ရှုဖူးသူမှာမူ နည်းပါးနေပြီဖြစ်သည်။ ရာမဇာတ်တော်ကြီး၏ ဇာတ်ခန်းအပြည့်အစုံကို ကပြခဲ့သည်မှာလည်း နှစ်ပေါင်း ၅၀ ကျော်ခဲ့ပြီဟု သိရသည်။

ကြိုးပမ်းစီစဉ်

မြန်မာတို့၏ ရိုးရာနန်းတွင်းရာမဇာတ်တော်ကြီး ဇာတ်ခန်းအပြည့်အစုံကို သက်ရှိထင်ရှားရှိနေသည့် ရာမပညာရှင်ကြီးများ မျက်ကွယ်မပြုမီ မှတ်တမ်းတင်နိုင်ရန် အဏ္ဏဝါသီရိရာမ နန်းတွင်းဇာတ်တော်ကြီးအဖွဲ့နှင့် အိုးဘိုရာမနန်းတွင်းဇာတ်တော်ကြီးအဖွဲ့တို့ ပူးပေါင်း၍ တင်ဆက်ကပြရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။ "ရာမဇာတ်ကြီးဇာတ်ခန်းအပြည့်အစုံ (၂၁)ခန်းကို တစ်ည (သို့မဟုတ်) နှစ်ညကပြမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံမှာ ဒီဇင်ဘာလအတွင်း တင်ဆက်ကပြဖို့ ကြိုးပမ်းစီစဉ်နေပါတယ်။ ကပွဲကရရှိလာသည့် အကျိုးအမြတ်ငွေများကို ရာမပညာရှင်များက မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းနှင့် ပုဂံရှေးဟောင်းဘုရားများ ထိန်းသိမ်းမွမ်းမံပြုပြင်ရေးအတွက် ခွဲဝေလှူဒါန်း ကုသိုလ်ယူသွားမှာပါ"ဟု ကပွဲဖြစ်မြောက်ရေး စီစဉ်နေသူထံမှ သိရှိရသည်။

ရီရီမြင့်(သတင်းစဉ်)

ပြည်တွင်းစားသုံးဆန်များ အဆက်မပြတ် ဝင်ရောက်လျက်ရှိ

သတင်းမှတ်စု
တင်ဝင်းလေး(ကြည့်မြင်တိုင်)

ရန်ကုန် စက်တင်ဘာ ၁၈

ယခုတလော ရန်ကုန်မြို့သို့ ကမာရွတ်မြို့နယ် ဘူတာရုံဆိပ်၊ ကြည့်မြင်တိုင်မြို့နယ် ဗားကရာဆိပ်၊ လမ်းမတော် မြို့နယ်ဆိပ်များတွင် ဧရာဝတီတိုင်းဒေသကြီး မြို့များမှ ဆန်များ အဆက်မပြတ်ဝင်ရောက်လျက်ရှိသည်။

ဩဂုတ်နောက်ဆုံးပတ်က တက်ယောင်ပြခဲ့သည့် ပြည်တွင်းဆန်ဈေးနှုန်းသည် စက်တင်ဘာလ တတိယပတ်အထိ ဆက်လက်တက်ခြင်းမရှိဘဲ လက်ရှိဈေးနှုန်း အတိုင်းပင်ဆက်လက်တည်ငြိမ်လျက်ရှိနေသည်။

ဆန်ကုန်သည်အချို့က" ဆန်ဈေးတက်ယောင်ပြတာဟာ ဒါက နှစ်စဉ် ဖြစ်ရိုးဖြစ်စဉ်ပါပဲ။ ဆန်ဟောင်းကုန်ခါနီးလို့ ဆန်သစ်ပေါ်ခါနီးမှုဖြစ်တတ်တဲ့ သဘာဝပါပဲ။ အခုက ပြည်တွင်းစားသုံးမှု ဆန်လုံလောက်နေရင် ဈေးကတက်ချင်တိုင်း တက်လို့မရပါဘူး"ဟု ဆိုကြသည်။

နေ့စဉ်ဝင်လျက်ရှိ

ကြည့်မြင်တိုင် ဗားကရာဆိပ်သို့မူ မြောင်းမြမြို့နယ်မှ ဆန်များ၊ ကမာရွတ်မြို့နယ် ဘူတာဆိပ်သို့ ကျိုက်လတ်မြို့နယ်မှ ဆန်များ၊ လမ်းမတော်ဆိပ်သို့ မြောင်းမြ၊ မော်လမြိုင်ကျွန်း၊ ကျိုက်လတ်၊ ဘိုကလေး၊ ဖျာပုံမြို့နယ်တို့မှ ဆန်များ နေ့စဉ်ဝင်လျက်ရှိနေသည်။ ကြည့်မြင်တိုင် ဗားကရာဆိပ် တစ်ခုတည်းပင်လျှင် နေ့စဉ်မော်တော်နှစ်စင်းမှ သုံးစင်းအထိ ဝင်တတ်ပြီး မော်တော်တစ်စင်းလျှင် ဆန်အိတ်ပေါင်း ၅၀၀၀ မှ ၈၀၀၀ အထိ ပါဝင်ကြောင်း ဆိပ်ခံလုပ်သားများထံမှ ကြားသိခဲ့ရသည်။

ယခုအခါ အဓိက စိုက်ပျိုးသီးနှံဖြစ်သော စပါးသီးနှံစိုက်ပျိုးရာတွင် တစ်ဧက စပါးတင်း ၁၀၀ အထက် ထွက်ရှိရေးအတွက် သိပ္ပံနည်းကျ အချက်(၁၄)ချက်နှင့်အညီ စိုက်ပျိုးထုတ်လုပ်နေပြီဖြစ်သည်။ ဒေသအသီးသီးရှိ စပါးစိုက်ပျိုးထုတ်လုပ်သူများကိုလည်း နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့ရှိ အထူးအထွက်တိုး စံပြစိုက်ခင်းများဆီသို့ ဖိတ်ကြားလေ့လာမှုများ ပြုစေခဲ့သည်။

နောက်လာမည့် စိုက်ပျိုးရာသီအတွက်ကိုလည်း ပြင်ဆင်မှုများဖြင့် အဆင်သင့်ဖြစ်နေပြီဖြစ်ရာ ပြည်တွင်းဆန်စားသုံးမှုမှာ ဖူလုံရုံမျှမက များစွာပင် ပိုလျှံနိုင်ကြောင်း စိုက်ပျိုးထုတ်လုပ်သူပညာရှင်များထံမှ ကြားသိနေရသည်။

စက်တင်ဘာ ၁၇ ရက် ဘုရင့်နောင်ပွဲရုံ ဆန်ဈေးကွက်တွင် ဖျာပုံပေါ်ဆန်းမွှေး တစ်အိတ် ငွေကျပ် ၂၈၀၀၀ မှ ၃၂၀၀၀၊ ရွှေဘိုပေါ်ဆန်းမွှေး တစ်အိတ် ငွေကျပ် ၃၃၀၀၀၊ တောင်ပျံ တစ်အိတ် ငွေကျပ် ၂၈၀၀၀၊ ဆန်ကြမ်းဧည့်မထ တစ်အိတ် ငွေကျပ် ၂၂၀၀၀ နှင့် ငစိန်တစ်အိတ် ငွေကျပ်၁၉၀၀၀ ဖြစ်နေကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။

မြောင်းမြမြို့နယ်မှ ဆန်များ ကြည့်မြင်တိုင်မြို့နယ် ဗားကရာဆိပ်သို့ ဤသို့ဝင်ရောက်လျက်ရှိသည်။

ကြိုပို့ယာဉ်များငှားရာတွင် မထသနှင့် ဆက်သွယ်ရန်လို

ရန်ကုန် စက်တင်ဘာ ၁၈

စက်ရုံဝန်ထမ်းများအတွက် ကြိုပို့ယာဉ်များ ငှားရမ်းရာတွင် မထသနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း မရှိဘဲ ယာဉ်ပိုင်ရှင်များနှင့်သာ ဆက်သွယ်ငှားရမ်းဆောင်ရွက်သဖြင့် ပြဿနာပေါ်ပေါက်သည့်အခါ ကူညီပံ့ပိုးမှုများ ပြုလုပ်ရန် အခက်အခဲဖြစ်ရကြောင်းဖြင့် ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုဗဟိုကော်မတီမှ တာဝန်ရှိသူက ရှင်းလင်းပြောကြားသည်။

အန္တရာယ်များဖြစ်ပေါ်နိုင်

စက်ရုံဝန်ထမ်းအင်အားအရ မော်တော်ယာဉ် ၁၀ စီး ငှားရန်ဖြစ်သော်လည်း ခုနစ်စီးသာငှားပြီး သုံးစီးအတွက် ငှားခကို ကိုယ်ကျိုးအတွက် သုံးစွဲမှုများ စက်ရုံအချို့၌ ရှိကြောင်း၊ ခုနစ်စီး၌ စက်ရုံဝန်ထမ်းများ ပြွတ်သိပ်စီးရကြောင်း၊ ကြိုပို့ယာဉ်များ အလုပ်ချိန်နောက်ကျလျှင် တစ်မိနစ် ငွေကျပ် ၂၀၀ နှုန်း စက်ရုံများက ဖြတ်ကြောင်း၊ ထို့ကြောင့် ကြိုပို့ယာဉ်များက အလုပ်ချိန်မတိုင်မီ နှစ်နာရီခန့်စောပြီး အလုပ်သမားများအား လှည့်လည်ကြိုရာ ခရီးဝေးသူများ အချိန်ကုန်လူပင်ပန်းဖြစ်ရကြောင်း၊ ယာဉ်၌လည်း လူပြွတ်သိပ်တင်ပြီး အလုပ်ချိန်မီရန် အချိန်လုမောင်းသဖြင့် အန္တရာယ်များဖြစ်ပေါ်နိုင်ကြောင်း သိရသည်။ ကြိုပို့လုပ်ငန်းအတွက် (ဃ)လိုင်စင်ရှိယာဉ်များကို ငှားရမ်းရမည်ဖြစ်သော်လည်း အချို့စက်ရုံများက ခရီးသည်တင် (ခ)လိုင်စင်ယာဉ်များ ငှားရမ်းသုံးစွဲနေသည်ကို တွေ့ရှိရသည်။

(ဃ)လိုင်စင်ရှိ ကြိုပို့ယာဉ်များ ငှားရမ်းရေးအတွက် ခရိုင်အလိုက်အဖွဲ့များ ဖွဲ့ထားပြီးဖြစ်ကြောင်း၊ စက်ရုံများအနေဖြင့် ပူးပေါင်းဆောင်ရွက်မှု အားနည်းနေသည်ကို တွေ့ရကြောင်း၊ မထသနှင့်ဆက်သွယ်ပြီး ကြိုပို့ယာဉ်များ ငှားရမ်းသုံးစွဲပါက ပြဿနာတစ်စုံတစ်ရာဖြစ်လျှင် မထသကချက်ချင်းသိပြီး လိုအပ်သည့် ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်းလည်း ထပ်မံသိရှိခဲ့ရသည်။

ညွှန့်သန်း(သတင်းစဉ်)

▲ **ရှေ့ဖုံးမှ**

တောင်ကိုရီးယား ရုပ်ရှင်ပွဲတော် ကျင်းပနေတဲ့ရက်တွေမှာ တောင်ကိုရီးယားနိုင်ငံက ရုပ်ရှင်အနုပညာရှင် နှစ်ဦးလာရောက်ကာ ပရိသတ်တွေနဲ့ တွေ့ဆုံမှာဖြစ်တဲ့အပြင် ရုပ်ရှင်ပွဲတော်ကိုလည်း တက်ရောက်မှာဖြစ်ပါတယ်။ အဲဒီတောင်ကိုရီးယား ရုပ်ရှင်အနုပညာရှင် နှစ်ဦးက လောလောဆယ် အတည်မပြုရသေးပေမယ့် မကြာမီသိရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ တောင်ကိုရီးယားရုပ်ရှင်ပွဲတော်ကို ကျင်းပလာတာဟာ အခုအကြိမ်နဲ့ဆိုလျှင် (၆)ကြိမ်မြောက်ရှိပြီ ဖြစ်ပါတယ်။

တက်ရောက်ခဲ့

ပြီးခဲ့တဲ့ (၅)ကြိမ်မြောက် ရုပ်ရှင်ပွဲတော်မှာတော့ မြန်မာပရိသတ်တွေ အထူးနှစ်သက်အားပေးနေတဲ့ တောင်ကိုရီးယား ရုပ်ရှင်မင်းသား ဂျူမုံနဲ့ ရုပ်ရှင်မင်းသမီး လီဟာနားတို့ တက်ရောက်ခဲ့ကြပြီး မြန်မာပရိသတ်တွေ အပါအဝင် မီဒီယာသမားတွေနဲ့လည်း တွေ့ဆုံမှု ပြုလုပ်ခဲ့ကြပါတယ်။

(မြန်မာ့အလင်း)

ပင်မှည့်ဖျော်ရည်သီး နောင်ချိုမြို့နယ်တစ်ဝိုက်၌ လှိုင်လှိုင်သီး

နောင်ချို စက်တင်ဘာ ၁၈

ယခုအခါ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တစ်ဝိုက်တွင် ပင်မှည့်ဖျော်ရည်သီးများ လှိုင်လှိုင်ထွက်နေကြပြီဖြစ်သည်။ *(ယာပုံ)* ***ပင်မှည့်ဖျော်ရည်သီးမှာ စိုက်ပျိုးဖြစ်ထွန်းလွယ်ကူပြီး မြေအမျိုးအစားမရွေး အစေ့ကျလျှင် အပင်ပေါက်မြန်သည့် နွယ်ပင်အမျိုးအစားဖြစ်သည်။ ဂေါ်ရခါးပင်ကဲ့သို့ စင်ထိုးစိုက်ပျိုးကြသည်။ ဖျော်ရည်သီးဈေးကွက်မှာ တစ်လုံးလျှင် ငွေကျပ် ၃၀မှ ငွေကျပ် ၅၀အထိ ရရှိသဖြင့် ပင်မှည့်ဖျော်ရည်သီး စိုက်ပျိုးကြသူများ မိသားစု မီးဖိုချောင်အတွက် ဝင်ငွေရရှိနေကြောင်း သိရှိရသည်။*** *(ဝ၆၁)*

ပင်မှည့်ဖျော်ရည်သီးများ။

အနုစ်သာရ နှင့် အရည်အသွေး မြင့်မားရေး

ဒေါက်ကျော်(မျိုး၊ ယဉ်၊ နု)

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး ကျင်းပမည့် အချိန်ကား တဖြည်းဖြည်း နီးကပ်လာခဲ့ပေပြီ။ ပြိုင်ပွဲကြီးတွင် သူနိုင် ကိုယ်နိုင် အပြိုင်ကြဲကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အပေါင်းတို့သည်လည်း "ပွဲမဝင်ခင် ပြင်ကကျင်းပ" ဆိုသကဲ့သို့ အပြင်းအထန် လေ့ကျင့်ပြင်ဆင်နေကြပေလိမ့်မည်။ ယခု ကျင်းပမည့် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို "အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြည့်ဝသည့် ပြိုင်ပွဲကြီး ဖြစ်စေရန်" ဟူသော လမ်းညွှန်ချက်နှင့်အညီ ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီက အနှစ်သာရနှင့် အရည်အသွေးမြင့်မားရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းကာ ပြိုင်ပွဲဝင်များ အရည်အသွေး ပြည့်ပြည့်ဝဝနှင့် အနှစ်သာရရှိရှိ ယှဉ်ပြိုင်နိုင်စေရေးအတွက် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။

အနှစ်သာရနှင့် အရည်အသွေးမြင့်မားရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့သည် ပြိုင်ပွဲဝင်ရန် သတ်မှတ်ပြဋ္ဌာန်းထားသည့် ဘာသာရပ်များနှင့် သက်ဆိုင်သည့် သတိပြုရှောင်ကြဉ်ရမည့်အချက်များ၊ လိုက်နာဆောင်ရွက်ရမည့်အချက်များကို TV talk ရိုက်ကူးခြင်း၊ FM Radio များ၌ ဟောပြောခြင်း၊ သတင်းစာ၊ ဂျာနယ်များ၌ ဆောင်းပါးရေးသားခြင်း စသည့် လုပ်ငန်းများမှတစ်ဆင့် ပြိုင်ပွဲဝင်များထံသို့ ပို့ဆောင်ထုတ်လွှင့်ပေးလျက်ရှိပါသည်။ ထိုအကြံပြုချက်များကို လိုက်နာဆောင်ရွက်ကြမှသာလျှင် ပြိုင်ပွဲဝင်များသည် မိမိတို့ မျှော်မှန်းထားသည့် ဆုများကို ထိုက်ထိုက်တန်တန် ရရှိကြမည်ဖြစ်ကြောင်းကိုလည်း သတိပြုကြရပါမည်။ သို့ဖြစ်၍ သတိပြုဆင်ခြင်ဖွယ် အချက်အလက်အချို့ကို အကြံပြု တင်ပြလိုပါသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် အဆို၊ အက၊ အရေး၊ အတီး ဘာသာရပ်များအပြင် ဇာတ်တော်ကြီး၊ ရုပ်စုံသဘင်၊ ပြဇာတ်နှင့် ကွက်စိပ်ဘာသာရပ်များကိုလည်း ယှဉ်ပြိုင်ရန် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ အဆိုပါ ဘာသာရပ်များ၌ ပြိုင်ပွဲဝင်ကြမည့် ပြိုင်ပွဲဝင်များသည် မိမိတို့ ယှဉ်ပြိုင်ကြမည့် ဇာတ်လမ်းအတွက် ဇာတ်ညွှန်းများကို ပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီသို့ သတ်မှတ်ရက်အတွင်း အချိန်မီတင်ပြရပါမည်။ ထိုသို့ ပေးပို့တင်ပြသည့် ဇာတ်ညွှန်းများသည် ဇာတ်ညွှန်း၏ အင်္ဂါရပ်များနှင့် ကိုက်ညီရန် လိုအပ်ပါသည်။ ဇာတ်ညွှန်းတစ်ခုတွင် ပါဝင်ရမည့် အချက်အလက်များ၊ ညွှန်ကြားချက်များ အပြည့်အဝ ပါဝင်ရမည့်အပြင် ပုံစံတကျ (Format) ဖြစ်ရန်လည်း လိုအပ်ပါသည်။ သို့မှသာ အသွင်သဏ္ဌာန်ရော အရည်အသွေးပါပြည့်မီသော ဇာတ်ညွှန်းမျိုး ဖြစ်လာပါမည်။

ထို့အပြင် ပြိုင်ပွဲဝင်ရန် ပေးပို့ထားသောဇာတ်ညွှန်းနှင့်အညီ တင်ဆက်ယှဉ်ပြိုင်ရန်လည်း လိုအပ်ပါသည်။ အချို့သော ပြိုင်ပွဲဝင်များသည် ပေးပို့ထားသည့် ဇာတ်ညွှန်းကို သွေဖည်၍ဖြစ်စေ၊ ဖြည့်စွက်နုတ်ပယ် ပြုပြင်ပြောင်းလဲ၍ဖြစ်စေ ယှဉ်ပြိုင်တင်ဆက်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ အချို့မှာမူ ဇာတ်ညွှန်းကို အလေးဂရုမပြုဘဲ ပြီးစလွယ်ရေးသားပေးပို့နေကြပါသည်။ ဇာတ်ညွှန်းသည် ဇာတ်လမ်း၊ ဇာတ်ကွက်ပါသော အနုပညာအတွက် အသက်သွေးကြောသဖွယ် အရေးပါသော အခန်းကဏ္ဍမှ ရပ်တည်လျက်ရှိပါသည်။ ထို့ကြောင့်ပင် အကဲဖြတ်ဒိုင်အဖွဲ့ဝင်များဖြင့် စိစစ်၍ ဇာတ်ညွှန်းဆုများကို ရွေးချယ်ပေးအပ်လျက်ရှိပါသည်။ ဇာတ်ညွှန်းအင်္ဂါရပ်များနှင့် မကိုက်ညီသော၊ လက်လွတ်စပယ်ရေးသားထားသော စံချိန်စံညွှန်းမကိုက်သော ဇာတ်ညွှန်းများကို အကဲဖြတ်ဒိုင်အဖွဲ့ဝင်များက ဆုရွေးချယ်ရေးအစီအစဉ်တွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်းကိုလည်း သတိပြုစေချင်ပါသည်။

ထို့အပြင် အချို့သောဇာတ်ညွှန်းများတွင် ဇာတ်လမ်းကို စိတ်ဝင်စားမှုဖြစ်စေရန်အတွက် လည်းကောင်း၊ ဇာတ်ရှိန်ကို မြှင့်တင်ရန်အတွက် လည်းကောင်း၊ ဇာတ်ဆောင်စရိုက်ပေါ်လွင်ထင်ရှားစေရန်အတွက်လည်းကောင်း ရာဇဝင်သမိုင်းဖြစ်ရပ်များကို ထည့်သွင်း ဖော်ပြလေ့ရှိကြပါသည်။ ယင်းသို့ဖော်ပြခြင်းသည် နှစ်သက်ဖွယ်၊ ချီးကျူးလေးစားဖွယ် ကောင်းလှပါသည်။ သို့သော် မိမိဇာတ်ညွှန်းတွင် ယူငင်သုံးစွဲထားသော ရာဇဝင်သမိုင်းအချက်အလက်များသည် မှန်ကန်တိကျမှုရှိရန် လိုအပ်ပါသည်။ ပြိုင်ပွဲဝင် အစီအစဉ်များကို ရုပ်/သံမှ အခါအားလျော်စွာ ထုတ်လွှင့်ပြသလျက်ရှိသောကြောင့် မိမိသုံးစွဲထားသောအမှားများသည် တစ်ပြည်လုံးအတိုင်းအတာအထိ ပျံ့နှံ့ရောက်ရှိသွားပါလိမ့်မည်။ တတ်သိနားလည်သော ပုဂ္ဂိုလ်များအဖို့မှာ ထိုအမှားအယွင်းကို ပြန်လည်တိုက်ဆိုင်စစ်ဆေး၍ အမှန်ကို ရှာဖွေခြင်းဖြင့်လည်းကောင်း၊ ဇာတ်လမ်းဖန်တီးသူ၏ ပမာဒလေခ သဘောဟု ယူဆကာ ခွင့်လွှတ်ခြင်းဖြင့် လည်းကောင်း နားလည်ပေးနိုင်ကြသော်လည်း မသိနားမလည်သေးသည့် မျိုးဆက်သစ်လူငယ်များမှာမူ ထိုမှားယွင်းမှုကို အမှန်ဟု ထင်မှတ်ကြပါလိမ့်မည်။ မိမိ ဖော်ပြလိုသော အချက်အလက်များကို တစ်ဖက်သား၏ စိတ်သို့ ပို့ဆောင်ရာတွင် အနုပညာ၏စွမ်းအားကို အသုံးပြုခြင်းသည် အထိရောက်ဆုံးနှင့် အထက်မြက်ဆုံး ဖြစ်သည်ဟူသော သဘောအရ ထိုအမှားများသည် မျိုးဆက်သစ်လူငယ်များ၏ရင်ထဲ၌ စွဲမြဲသွားတတ်ပါသည်။ ထိုမှားယွင်းမှုသည် ဇာတ်လမ်းဖန်တီးသူ၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည့်အပြင် ဆုရွေးချယ်ရေးအဖွဲ့ကလည်း လျစ်လျူရှုထားမည် မဟုတ်ပါ။

ထို့အပြင် ဇာတ်လမ်းတွင် ထည့်သွင်းအသုံးပြုထားသည့် ရာဇဝင်သမိုင်းဆိုင်ရာ အချက်အလက်သည် ဇာတ်လမ်းဖွံ့ဖြိုးတိုးတက်မှုကိုလည်း ထောက်ကူပံ့ပိုးပေးရပါမည်။ ဆိုလိုသည်မှာ မိမိသုံးစွဲသမျှသော သမိုင်းဆိုင်ရာ အချက်အလက်များသည် ဇာတ်လမ်း၏အရှိန် (Tempo) ကိုဖြစ်စေ၊ ဇာတ်လမ်း၏ဦးတည်ချက် (Theme) ကိုဖြစ်စေ၊ ဇာတ်ဆောင်စရိုက် (Character) ကို ဖြစ်စေ ထောက်ကူပံ့ပိုးပေးနေရပါမည်။ သို့မဟုတ်ပါက ထိုအချက်သည် ဇာတ်လမ်းနှင့် သီးခြားစီဖြစ်နေပြီး ဇာတ်လမ်း၏အရည်အသွေးကိုလည်း ထိခိုက်နိုင်ပါသည်။

ဇာတ်တော်ကြီး၊ ရုပ်စုံသဘင်နှင့် ကွက်စိပ်ဇာတ်ညွှန်းများကို ရေးဖွဲ့ရာတွင် ဇာတ်စာ ဇာတ်စကားတို့ကို အသုံးပြုရမြဲဖြစ်ပါသည်။ ဇာတ်စာ ဇာတ်စကားတို့ဖြင့်သာ ဇာတ်လမ်းဇာတ်ကွက်များကို တည်ဆောက်ရပါမည်။ ရှေးခေတ် သဘင်ပညာရှင်တို့သည် ဇာတ်စာ ဇာတ်စကားကို ရေးဖွဲ့ရာတွင် ကာရန်နဘေများဖြင့် ဝေဆာခံ့ညားအောင် ရေးဖွဲ့လေ့ရှိကြကြောင်းကို ကုန်းဘောင်ခေတ်စာဆိုများဖြစ်ကြသော ဦးကြင်ဥ၊ ဦးပုည၊ အချုပ်တန်းဆရာဖေ၊ ကျပင်းဆရာဖိုးတို့၏ ဇာတ်စာများက သက်သေခံလျက်ရှိပေသည်။ အချို့သော ပြိုင်ပွဲဝင် ဇာတ်ညွှန်းများ (ဇာတ်တော်ကြီး၊ ရုပ်စုံ သဘင်၊ ကွက်စိပ်)များတွင် ဇာတ်စာ ဇာတ်စကားများကို ကာရန်မသုံးဘဲ အရပ်သုံးစကားပြေဆန်ဆန် ရေးဖွဲ့လာကြောင်း လေ့လာတွေ့ရှိရပါသည်။ ငိုချင်းများ၊ ဆိုင်းဆင့်များ၊ ပတ်တိုက်များကိုသာ ကာရန်သုံးစွဲထားကြောင်း တွေ့ရှိရပါသည်။ ဇာတ်စာဇာတ်စကားနှင့် သာမန်အရပ်သုံး စကားပြေသည် မတူပါ။ စကားပြေဖြင့် ရေးသားထားလျှင် ဇာတ်စာ ဇာတ်စကားဟု မခေါ်ဆိုနိုင်ပါ။ ကာရန်နဘေများဖြင့် ဝေဆာခံ့ညားစွာ ရေးသားထားသည့် ဇာတ်ဝင်စကားများကိုသာ ဇာတ်စာ ဇာတ်စကားဟု ခေါ်ဆိုနိုင်ပါသည်။

ဤနေရာတွင် ကာရန်သုံးစွဲခြင်း၏ အာနိသင်ကို အနည်းငယ် ဖော်ပြလိုပါသည်။ ကာရန်ပါသော စာသည် ရွတ်ဖတ်ကျက်မှတ်ရန် လွယ်ကူသည်။ နားစွဲလွယ်သည် နားဝင်ချိုပြီး သုတိသာယာမှုကို ဖြစ်စေသည်။ သုခုမ လတာဂုဏ်၊ မဓုရတာဂုဏ်တို့နှင့် ပြည့်စုံသည်။ ကာရန်ပါသောစာသည် နားဝင်ပီယံဖြစ်စေသဖြင့် မြန်မာတို့သည် ကာရန်ကို နှစ်သက်မြတ်နိုးကြခြင်းဖြစ်သည်။ ထို့ကြောင့်ပင် မြန်မာတို့သည် သိမှတ်ဖွယ်ရာ အချက်အလက်များကို ကာရန်နှင့်ဖွဲ့နွဲ့ကာ မှတ်သားလေ့ရှိခဲ့ကြသည်။ မြန်မာတို့၏ မြတ်နိုးဖွယ်ရာ ဓလေ့တစ်ခုဟု ဆိုရပါမည်။ ဇာတ်စာ ဇာတ်စကားကို ကာရန်မသုံးဘဲ စကားပြေဆန်ဆန်ရေးသားခြင်းသည် မြန်မာတို့၏ မြတ်နိုးဖွယ်ရာဓလေ့စရိုက်ကို မျက်ကွယ်ပြုရာရောက်သည့်အပြင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး၏ ဦးတည်ချက်တစ်ခုဖြစ်သော ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးဟူသည့် အချက်နှင့်လည်း သွေဖည်နေသည်ကို အထူးသတိပြုစေချင်ပါသည်။

နိပါတ်တော်များကို တင်ဆက်ကပြရာတွင်လည်း မူရင်းဇာတ်တော်၏ ဦးတည်ချက်နှင့် အနှစ်သာရကို နားလည်သဘောပေါက်ရန်လိုအပ်ပြီး ထိုဦးတည်ချက်နှင့် အနှစ်သာရကို မျက်ခြည်ပြတ်မခံဘဲ ဇာတ်ကွက်များကို ဖန်တီးရပါမည်။ မူရင်းနိပါတ်တော်၏ ဦးတည်ချက်နှင့် အနှစ်သာရကို ပြောင်းလဲသွားစေလောက်သည့် ဇာတ်ကွက်များ၊ ဇာတ်ဆောင်စရိုက်များ၊ ဇာတ်ဝင်စကားများကို ရှောင်ရှားရမည့်အပြင် အဂါရဝဖြစ်စေသည့် အပြုအမူ အပြောအဆိုများကိုလည်း သတိပြုကြရန် အကြံပြုလိုပါသည်။

အကဲဖြတ်အမှတ်ပေးကြီးကြပ်ရေးနှင့် မူဝါဒဆိုင်ရာ စာသားစိစစ်ရေးဆပ်ကော်မတီသည် အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းရေးကို ထိခိုက်စေသော စာသားများမပါဝင်ရန်၊ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေးကို ထိခိုက်စေသော စာသားများ မပါဝင်ရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေသော စာသားများမပါဝင်ရန်၊ အမျိုးသား ယဉ်ကျေးမှု စရိုက်လက္ခဏာများကို ထိခိုက်စေသော စာသားများ မပါဝင်ရန် ဟူသော အခြေခံမူများကို လက်ကိုင်ပြုကာ ပြိုင်ပွဲဝင်ရန် ပေးပို့တင်ပြလာသော ဇာတ်ညွှန်းများ၊ သီချင်းစာသားများကို စနစ်တကျ စိစစ်တည်းဖြတ်ရပါသည်။ အကဲဖြတ် အမှတ်ပေးကြီးကြပ်ရေးနှင့် မူဝါဒဆိုင်ရာ စာသားစိစစ်ရေးဆပ်ကော်မတီက စည်းမျဉ်းနှင့်အညီ တရားဝင် ပယ်ဖျက်ထားသော စာသားများကို ပြိုင်ပွဲတွင် ပြန်လည်သုံးစွဲခွင့်မရှိပါ။ မရည်ရွယ်ဘဲဖြစ်စေ၊ ရည်ရွယ်၍ဖြစ်စေ ပယ်ဖျက်ထားသော စာသားများကို ပြန်လည်သုံးစွဲလျှင် ကော်မတီက သတ်မှတ်ထားသည့် စည်းကမ်းအရ ပြိုင်ပွဲ၏ရလဒ်ကို အသိအမှတ်မပြုခြင်း၊ ရရှိထားသော အမှတ်များကို အချိုးကျလျှော့ချခြင်း စသည့် အရေးယူအပြစ်ပေးမှုများကို ခံရမည်ဖြစ်ပါသည်။

အနုပညာသည် နှစ်သက်မှုဖြစ်စေရန် ဖျော်ဖြေမှုပေးခြင်း ဖြစ်သည်။ သို့သော် ဖျော်ဖြေမှုပေးရုံမျှဖြင့် အနုပညာတာဝန်မကျေပွန်နိုင်ပါ။ ဇာတ်သမားလာလျှင် မှတ်သားစရာပါရမည် ဟူသော ဆိုရိုးစကားလည်း အထင်အရှားရှိပါသည်။ ပြည်သူလူထု၏ နားနှင့် မျက်စိကို ဖွင့်ပေးနိုင်ရပါမည်။ အသိဉာဏ်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရပါမည်။ မိမိအသိပညာပေးလိုသောအချက်အလက်များကို အနုပညာဖြင့် ထုံမွမ်း၍ ပရိသတ်၏နှလုံးသားထဲသို့ ရောက်အောင် ပို့ဆောင်ပေးရပါလိမ့်မည်။ လောက ဓမ္မ ရာဇရေးတို့ကို ဗဟုသုတအလို့ငှာ ပေးဝေရပါဦးမည်။ ရသ ခံစားမှုမှ တစ်ဆင့် ဘဝအသိ၊ ဘဝအမြင်တို့ကိုလည်း ခံစားသိ၊ ဆင်ခြင်သိတို့ဖြင့် အလိုလိုရရှိသွားစေရန် စွမ်းဆောင်ရပါဦးမည်။ သို့မှသာ အဆင့်အတန်းမြင့်သော၊ စံချိန်စံညွှန်းကိုက်သော၊ တန်ဖိုးရှိ၍ နှစ်သက်မြတ်နိုးဖွယ်ကောင်းသော၊ တာဝန်ကျေသော အနုပညာအဖြစ် ရပ်တည်နိုင်မည်ဖြစ်ပါသည်။

ဖော်ပြခဲ့သော အချက်အလက်များကို သတိပြုဆင်ခြင်လိုက်နာ ဆောင်ရွက်ပါက ပြိုင်ပွဲဝင်များသည် မိမိတို့ မျှော်မှန်းထားသည့် ဆုအသီးသီးကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်မည့်အပြင် အရည်အသွေးနှင့် အနှစ်သာရပြည့်ဝသည့် အနုပညာရှင်များအဖြစ် နိုင်ငံဂုဏ်ပြု ယဉ်ကျေးမှုဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ကြမည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်ပါသည်။ ။

(၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၅)ရပ်

(၁) တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(၃) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(၄) အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ထိန်းသိမ်းဖော်ထုတ်ပြီး တီထွင်မြှင့်တင်လျက် နိုင်ငံတကာအဆင့်မီ ဆန်းသစ်ပေါင်းစပ်ပေးနိုင်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

(၅) အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် အနုသုခုမဂီတပညာဖြင့် တစ်တပ်တစ်အား ပါဝင်လက်တွဲဆောင်ရွက်ရေး။

ဖြန့်ဝေပေး

စက်တင်ဘာ ၁၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် လျှပ်စစ်ရုံးမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်စွာနှင့် ဝန်ထမ်းများက အများပြည်သူ လျှပ်စစ်အန္တရာယ်ကင်းစေရေးနှင့် လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် စနစ်တကျရှိစေရေးအတွက် လျှပ်စစ်အသိ၊ လျှပ်စစ်သတိပညာပေး လက်ကမ်းစာစောင်များကို အထက(၅)ကျောင်းအတွင်း ဖြန့်ဝေပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် စက်တင်ဘာ ၁၈

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတို့ ၂၀၁၁ခုနှစ် ပထမအကြိမ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲ ပထမပွဲစဉ်အဖြစ် ပျဉ်းမနားမြို့နယ် ဘောလုံးအသင်းနှင့် တပ်ကုန်းမြို့နယ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

* *ကျောဖုံးမှ*

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်း အသင်းမှ အကြံပေးပုဂ္ဂိုလ်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက ဆန်စပါးစီးပွားရေးလုပ်ငန်းများနှင့် ဆန်စပါးကဏ္ဍဖွံ့ဖြိုးလာရေးတို့နှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများသည် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာမှ ဧက ၄၀ စံပြစိုက်ခင်းနှင့် စက်မှုလယ်ယာစိုက်ခင်း၊ အောင်သုခကျေးရွာမှ တောင်သူများ စိုက်ပျိုးထားသော အထူးအထွက်တိုး စံပြစိုက်ခင်းနှင့် စိုက်ပျိုးရေးတက္ကသိုလ် (ရေဆင်း)မှ စပ်မျိုးစပါးဧက ၁၀၀ မျိုးစေ့ထုတ်စိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

ပထမအကြိမ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၈

၂၀၁၁ ခုနှစ် ပထမအကြိမ် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့် တက်ရောက်ဖွင့်လှစ်ပေးသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဘောလုံးပွဲကြည့်ပရိသတ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်ဘောလုံးအသင်း ရှစ်သင်းသည် အားကစားကွင်းအတွင်းရှိ သတ်မှတ်နေရာများ၌ နေရာယူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ၂၀၁၁ခုနှစ် ပထမအကြိမ် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌဒိုင်းဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများက အားကစားကတိသစ္စာကို ရွတ်ဆိုခံယူကြပြီး ပြည်ထောင်စုဝန်ကြီးအား အလေးပြုကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲ ပထမပွဲစဉ်အဖြစ် ပျဉ်းမနားမြို့နယ် ဘောလုံးအသင်းနှင့် တပ်ကုန်းမြို့နယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

၂၀၁၁ ခုနှစ် ပထမအကြိမ် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲသို့ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ တပ်ကုန်းမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့မှ ဘောလုံးအသင်းရှစ်သင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားကြမည် ဖြစ်ပြီး ပြိုင်ပွဲများကို အောက်တိုဘာ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း G.S.M မိုဘိုင်းလ်တိုးချဲ့တပ်ဆင်ရေးစီမံကိန်း၏ G.S.M မိုဘိုင်းလ်စက်ပစ္စည်းများ ဝယ်ယူရေးစာချုပ် လက်မှတ်ရေးထိုးခြင်း အခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

နေ့စဉ်နှင့်အမျှတိုးတက်ပြောင်းလဲမှုအခြေအနေများ မေးမြန်းစုံစမ်းနိုင်ရန် နိုင်ငံတကာအဆင့်မီ Call Centre ဖြစ်အောင်ကြိုးပမ်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၈

ပြည်သူလူထုအနေဖြင့် မိုဘိုင်းလ်တယ်လီဖုန်းများကို ဈေးနှုန်းသက်သာစွာဖြင့် ပြောဆိုဆက်သွယ်နိုင်ရေး၊ လူငယ်များအား အလုပ်အကိုင်နှင့် အခွင့်အလမ်းကောင်းများ ဖန်တီးပေးနိုင်ရေးတို့အတွက် ပုဂ္ဂလိကပိုင်းမှ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်စေပြီး G.S.M မိုဘိုင်းလ်တယ်လီဖုန်း တိုးချဲ့တပ်ဆင်ရေးစီမံကိန်းအား သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ပြီးစီးအောင် မိမိတို့ဝန်ကြီးဌာနက ဆောင်ရွက်နေကြောင်း၊ ဆက်လက်ဆောင်ရွက်မည့် အပိုင်းများသည် လက်တွေ့ဆောင်ရွက်ကြရမည့် အပိုင်းများဖြစ်သည့်အတွက် တွေ့ကြုံနိုင်သည့်ကန့်သတ်ချက်များ၊ အခက်အခဲများကို ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကကဏ္ဍမှ လုပ်ငန်းရှင်များ အတူ လက်တွဲ၍ကျော်လွှားသွားကြရန် လိုအပ်ကြောင်းဖြင့် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဟံသာဝတီရှိ အပြည်ပြည်ဆိုင်ရာ အမြန်စာပို့လုပ်ငန်း အစည်းအဝေးခန်းမ၌ကျင်းပသည့် G.S.M မိုဘိုင်းလ် တိုးချဲ့တပ်ဆင်ရေးစီမံကိန်း၏ G.S.M မိုဘိုင်းလ်စက်ပစ္စည်းများ ဝယ်ယူရေး စာချုပ် လက်မှတ်ရေးထိုးခြင်းအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက ဆွေးနွေးမှာကြားသည်။

ထို့နောက် G.S.M မိုဘိုင်းလ် စက်ပစ္စည်းများ ဝယ်ယူရေးစာချုပ်များကို Z.T.E Corporation Co.,Ltd.၊ Huawei Technologies Co., Ltd. နှင့် ပြည်တွင်းကုမ္ပဏီများမှပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများက အသီးသီးလက်မှတ်ရေးထိုးကြသည်။

မှာကြား

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဟံသာဝတီဆက်သွယ်ရေး စခန်းအတွင်း အမြန်စာပို့လုပ်ငန်း အနီးရှိ ရတနာပုံ One Stop Information Call Centre အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုတို့ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး Call Centre သည် နိုင်ငံတော်၏ ကဏ္ဍပေါင်းစုံအတွက် လိုအပ်သည့် သတင်းအချက်အလက်များကို တစ်နေရာတည်းမှရရှိအောင် ဆောင်ရွက်ပေးခြင်းနှင့် နိုင်ငံတကာသတင်း အချက်အလက်များဖလှယ်၍ အကျိုးရှိစွာအသုံးချသည့် လုပ်ငန်းဖြစ်သဖြင့် သတ်မှတ်ထားသည့် အချိန်ကာလ အတွင်း အချိန်မီဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ရေးနှင့် ပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ဆက်သွယ်ရေး စသည်တို့၏ နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲမှုအခြေအနေများကို မေးမြန်းစုံစမ်းနိုင်ရန် အတွက် ဝန်ဆောင်မှုပေးနိုင်သည့် နိုင်ငံတကာအဆင့်မီ Call Centre ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်ရှိ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းငွေစာရင်းဌာနရုံး၌ ငွေကြေး ထိန်းသိမ်းထားရှိမှုများကို လည်းကောင်း၊ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းကြေးနန်းရုံးရှိ အဝေးဆက်သွယ်ရေးဌာန စက်ခန်းများနှင့် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း အော်တိုတယ်လီဖုန်းရုံး စက်ခန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတစ်ဝန်း အော်တိုတယ်လီဖုန်း ပေါင်း ၅၉၀၀၀၀ ခန့် တပ်ဆင်ထားရှိပြီးဖြစ်သည့်အတွက် တယ်လီဖုန်းလိုင်းများ ပြတ်တောက်မှုမရှိစေရေးနှင့် ချွတ်ယွင်းပြတ်တောက်မှုများ ရှိပါက အချိန်ကြန့်ကြာမှုမရှိစေရေးတို့ကို အလေးထားဆောင်ရွက်သွားရန်၊ လိုင်းတယ်လီဖုန်းသုံးစွဲသူပြည်သူများ အဆင်ပြေစွာ ဆက်သွယ်ပြောဆိုနိုင်ရေး ဆောင်ရွက်ပေးကြရန်နှင့် စက်ပစ္စည်းများအား စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းပြီး ရေရှည်အကျိုးရှိစွာ အသုံးပြုနိုင်ရေး ဆောင်ရွက်သွားရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် ဒါးကဘူတာရုံအတွင်း ရထားဆိုက်ရောက်မှုနှင့် ဘူတာရုံ သန့်ရှင်းသာယာလှပမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကန်ကြီးထောင့်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီတွင် ကန်ကြီးထောင့်မြို့နယ် ဒါးကအခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းဆောင်အတွင်း ကျောင်းသားကျောင်းသူများ စာသင်ကြားနေမှု အခြေအနေများနှင့် Lucky Myanmar ဆောက်လုပ်ရေးကုမ္ပဏီ၏ ကျောင်းဆောင်သစ်ဆောက်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ကျောင်းဝင်းအတွင်းရှိ နဝရတ်ခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ဒါးကကျေးရွာ ပညာနေခြည် စာကြည့်တိုက်ရန်ပုံငွေအတွက် ဒေသခံပြည်သူများက အလှူငွေကျပ် ၁၆ သိန်း နှစ်သောင်းနှင့် စာကြည့်တိုက် အဆောက်အအုံဆောက်လုပ်ရေးအတွက် အလှူငွေကျပ် ၂၅သိန်း၊ ပညာနေခြည်စာကြည့်တိုက်အတွက် နိုင်ငံတော်က ထောက်ပံ့ငွေကျပ် ငါးသိန်း၊ ဆန်စက်ပိုင်ရှင်များက ဒါးက အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ ဆရာမများအား ထောက်ပံ့ဆန် ၃၅ အိတ်၊ ရောရွှေဝါကုမ္ပဏီက ဒါးကမြို့မအခြေခံပညာမူလတန်းလွန်ကျောင်း အတွက် အလှူငွေကျပ် ၁၀ သိန်း တို့ကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် တိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍနှင့် ပညာရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်ကို တိုင်းဒေသကြီး၏ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အထူးနှစ် အဖြစ်သတ်မှတ်ဆောင်ရွက်နေကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက် မြင့်မားရေးအတွက် ယခုအချိန်ကတည်းက လစဉ်စစ်ဆေးသည့် လပတ်စာမေးပွဲများ၏ အောင်ချက် ရာခိုင်နှုန်းကိုပါ အလေးထားဂရုပြုရန်လိုကြောင်း၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဆိုပါဒေသတွင် ပညာတတ်များစွာရှိရန် လိုအပ်ကြောင်း၊ ထို့ကြောင့် မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များစွာ ပေါ်ထွန်းလာအောင် တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒါးကကျေးရွာရှိ ပညာနေခြည်စာကြည့်တိုက် အဆောက်အအုံ ဆောက်လုပ်နေမှုနှင့် ဒါးကဘူတာရုံအတွင်း ရထားဆိုက်ရောက်မှု၊ ဘူတာရုံသန့်ရှင်း သာယာလှပမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒါးကတရုတ်ဘုံကျောင်းခန်းမ၌ ကျင်းပသည့် အောင်ရတနာ အသေးစားငွေစုငွေချေးလုပ်ငန်း၏ ဒုတိယအကြိမ် ငွေထုတ်ချေးမှု အခမ်းအနားသို့ တက်ရောက်ရာ ရွှေကန်သာကုမ္ပဏီက မတည်ရင်းနှီးငွေကျပ်သိန်း ၃၀ကို ပေးအပ်သည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ငွေစုငွေချေးအသင်းဝင်များအား ငွေထုတ်ချေးပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

လှည့်လည်ကြည့်ရှု

မွန်းလွဲပိုင်းတွင် ဒါးကမြို့မ အခြေခံပညာ မူလတန်းကျောင်း၌ ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုနှင့် ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှုတို့ကို လည်းကောင်း၊ ကန်ကြီးထောင့်မြို့နယ် ဒါးကကျေးရွာရှိ 'မာန်ကြီးကြီး'ဆန်စက်၌ စပါးကြိတ်ခွဲနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အသေးစားပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်း မတည်ရင်းနှီးငွေပေးအပ်ပွဲ

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၁၈

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်သည် စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြတ်မင်္ဂလာခန်းမ၌ကျင်းပသည့် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းအတွက် မတည်ရင်းနှီးငွေပေးအပ်ပွဲအခမ်းအနားသို့တက်ရောက်ပြီး နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသည့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းသည် ပြည်သူလူထုအကျိုးစီးပွားအတွက် ရည်ရွယ်ဆောင်ရွက်နေသော လုပ်ငန်းစဉ်များအနက်မှ တစ်ခုဖြစ်ကြောင်း၊ ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက မတည်ရင်းနှီးငွေများကို အသေးစားပုဂ္ဂလိက ငွေစုငွေချေး ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် ချေးငွေများထုတ်ပေးခြင်းဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် ရရှိသည့် မတည်ရင်းနှီးငွေများကို ကုန်ထုတ်လုပ်ငန်း၊ ကိုယ်ပိုင်နှင့် ကျပန်းလုပ်ငန်းများအတွက် အကျိုးရှိရှိ အသုံးချကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

မတည်ရင်းနှီးငွေ

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်က အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းအဖွဲ့ဆိုင်ရာ စည်းမျဉ်းများအကြောင်းကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက မင်္ဂလာတောင်ညွန့်မြို့နယ် အသေးစားငွေစုငွေချေးလုပ်ငန်းအတွက် မတည်ရင်းနှီးငွေကျပ် သိန်း ၁၁၃၀ ကို ပေးအပ်ကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့က စနစ်တကျ ချေးငွေထုတ်ပေးနေမှုကို ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုင်းဒေသကြီးဝန်ကြီးများ ငွေထုတ်ချေးမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဒေါ်စန်းစန်းနွယ်နှင့် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိုးမင်းတို့သည် ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၌ သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့နည်းပပျောက်ရေး လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပုဂ္ဂလိက ငွေစုငွေချေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ဝဲပုံ)**

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် အစည်းအဝေးခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးခိုင်ထွန်း၊ မြို့နယ်ပုဂ္ဂလိက ငွေစုငွေချေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်မြနှင့် တာဝန်ရှိသူများက သန်လျင်မြို့နယ်အတွင်း ကျေးရွာအုပ်စုနှင့် ရပ်ကွက်များရှိ ပြည်သူများအား ငွေထုတ်ချေးနေမှုများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးများက လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် မွေးမြူရေးနည်းပညာပေး ဟောပြောပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၈

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ထုတ်လုပ်နိုင်ရန် အသိပညာပေးဟောပြောဆွေးနွေးပွဲကို စက်တင်ဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ကောင်စီနယ်မြေဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ဟောပြောပွဲတွင် နေပြည်တော်ကောင်စီနယ်မြေ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ဇော်က တိုင်းရင်းကြက်များကို အစုအဖွဲ့များဖြင့် စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် မွေးမြူလာစေရန်နှင့် ပေါင်းစည်းလယ်ယာ မွေးမြူရေးစနစ်ကျင့်သုံးခြင်းဖြင့် ဝင်ငွေတိုးပြီး အကျိုးရှိပုံများကိုလည်းကောင်း၊ ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်ချစ်က စပါး၊ ငါးမွေးမြူစနစ် အသုံးပြုခြင်းဖြင့် အကျိုးရှိပုံ၊ ငါးသယံဇာတ မပြုန်းတီးရေးနှင့် ကာကွယ်ထိန်းသိမ်းရေးနည်းစနစ်တို့ကိုလည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန နယ်မြေတာဝန်ခံ ဒေါက်တာတင်အောင်က ဇီဝလုံခြုံမှုကောင်းမွန်သော မွေးမြူရေးခြံများ တည်ထောင်ခြင်းနှင့် ဝက်နားရွက်ပြာရောဂါအကြောင်း သိကောင်းစရာတို့ကိုလည်းကောင်း၊ လယ်ဝေးမြို့နယ်ဦးစီးမှူး ဒေါက်တာအောင်သူထွန်းက ကျွဲ၊ နွား ကူးစက်ရောဂါအကြောင်း သိကောင်းစရာများနှင့် ရောဂါထိန်းချုပ်ပုံ နည်းစနစ်များကိုလည်းကောင်း ပညာပေးဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

နေပြည်တော် စက်တင်ဘာ ၁၈

စစ်တောင်းမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၆၆၃ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၆၃ စင်တီမီတာ (၂ဒသမ ၁ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ပင်ကျပ်နုတ်ခြင်းဖြင့် အောင်မြင်ဖြစ်ထွန်းစေမည့် မြန်မာ့အဖိုးတန်ရတနာများ (၂)

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ မောင်မောင်(ကျောက်တန်း)

နေပြည်တော် စက်တင်ဘာ ၁၈

အပင်များ၏ သဘာဝအတိုင်း ကျွန်းပင်များ အလွန်သိပ်သည်းထူထပ်စွာပေါက်နေလျှင် မြေဆီဩဇာနှင့် အလင်းရောင်လုံလောက်စွာမရနိုင်မှုကြောင့် ကြီးထွားမှုနှောင့်နှေးမည် ဖြစ်သည်။ ကျဲပါးစွာ

ဖြိုးစည်သူ ပုဂ္ဂလိကကျွန်းစိုက်ခင်းက ဒေသခံတောင်သူများ၏ ပညာရေးအတွက် ဆောက်လုပ်ပေးထားသော မူလတန်းကျောင်းခွဲ၌ ပညာသင်ကြားနေသော ကျောင်းသားများအား တွေ့ရစဉ်။



ပေါက်ပါကလည်း ကိုင်းတက်များစွာထွက်၍ သစ်တန်ဖိုးကို ကျဆင်းစေမည်ဖြစ်သည်။

ပင်ကျပ်နုတ်ရာတွင် အချိန်မှန်မှန် ပင်ကျပ် နုတ်ပေးရမည်။ စောစောနှင့် များများနုတ်ခြင်းသည် နောက်ကျ၍ နည်းနည်းနုတ်ခြင်းထက် ပို၍ကောင်းသည်။ ကွက်လပ်ကြီးများဖြစ်၍ကျန်ခဲ့လျှင် ပင်ကျပ်နုတ်ခြင်းများသည်ဟု ယူဆရမည်။ နောက်ဆုံးထုတ်ယူသည့်အချိန်တွင် ဖြောင့်တန်း၍ အကောင်းဆုံးအပင်များကျန်ရှိအောင် ရည်ရွယ်ဆောင်ရွက်ရမည်ဟူသည့် ပင်ကျပ်နုတ်ရာတွင် သတိပြုရမည့်အချက်များကို ဤခရီးတွင် သိရှိခွင့်ရခဲ့သည်။

ကျွန်းပင်သက်တမ်း ငါးနှစ်ပြည့်မှ ပင်ကျပ်နုတ်ရမည် ဖြစ်သော်လည်း စိုက်ခင်းအောင်မြင်ဖြစ်ထွန်းမှုကြောင့် သက်တမ်းလေးနှစ်မှာပင် ပင်ကျပ်နုတ်လုပ်ငန်း ဆောင်ရွက်နိုင်သည့် ဖြိုးစည်သူ ပုဂ္ဂလိက ကျွန်းစိုက်ခင်းအထွေထွေမန်နေဂျာ ဦးကျော်စိုးကလည်း ကျွန်းစိုက်ပျိုး အောင်မြင်ဖြစ်ထွန်းမှုများကို အားတက်သရော ရှင်းပြသည်။

"ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ ကျွန်းစိုက်ပျိုးခြင်းလုပ်ငန်းကို ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၁၂ ရက်မှာ စတင်ခဲ့တာပါ။ ခွင့်ပြုမိန့်ကျ ဧရိယာဧက ၉၇၀၀ အနက် ယခု ဧက ၇၂၀၀ ကို ပေါက်ခေါင်းမြို့နယ်၊ ကြံခင်းမြို့နယ်နဲ့ ကျောက်တံခါးမြို့နယ်တွေမှာ စိုက်ပျိုးပြီးပါပြီ၊ ကျွန်းစိုက်ပျိုးမြေတွေဟာ တောနိမ့်တောပျက်တွေပါ။ သက်ဆိုင်ရာ တာဝန်ရှိသူတို့ရဲ့ ညွှန်ကြားချက်အတိုင်း သစ်တောသစ်ပင်ကို ချစ်ခင်တဲ့စိတ်နဲ့ လိုက်နာဆောင်ရွက်ခဲ့တဲ့အတွက် ကျွန်းစိုက်ပျိုးခြင်းလုပ်ငန်းတွေမှာ အောင်မြင်မှုရခဲ့တာပါ။ FAO ကပေးတဲ့ ပုဂ္ဂလိကစိုက်ခင်းတည်ထောင်ခြင်း ထူးချွန်ဆုကိုလည်း နှစ်ကြိမ်ရရှိထားပြီး ဖြစ်ပါတယ်" ဟု ရှင်းပြသည်။

ဖြိုးစည်သူကုမ္ပဏီသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်တစ်ရပ်ကို ဆောင်ရွက်ရင်း ကျေးလက်နေ ပြည်သူလူထုကို အလုပ်အကိုင်များ ဖော်ဆောင်ပေးနိုင်သည့်အတွက် ကျေးလက်နေပြည်သူများ၏ဆင်းရဲမှုကို လျှော့ကျအောင် သစ်တောကဏ္ဍက ဆောင်ရွက်ခွင့်ရသဖြင့် ဂုဏ်ယူဝမ်းမြောက်နေသည့် ကုမ္ပဏီဖြစ်သည်။

လေးနှစ်သား ကျွန်းစိုက်ခင်းတွင် ပင်ကျပ်နုတ်ရာမှ ဒေသသုံးမျောတိုင်၊ အိမ်တိုင်များ ရရှိမည်ဖြစ်သည်။ ပင်ကျပ်တိုင်များကို ဈေးကွက်ဝင်ပစ္စည်းများဖြစ်အောင် နည်းပညာရပ်ဖြင့် ဖန်တီးပြုပြင်နေပြီး နိုင်ငံခြားဈေးကွက်ကို တင်ပို့နိုင်ရန် ဆောင်ရွက်နေကြောင်းလည်း သိရသည်။

"ရှေ့လုပ်ငန်းစဉ်အနေနဲ့ကတော့ ကျောက်တံခါးကျွန်းစိုက်ခင်း တည်ရှိရာ ရဲနွယ်ကြီးပိုင်းမှာ ရဲနွယ်ရေလှောင်တမံကြီး ရေရှည်တည်တံ့နိုင်ရေးအတွက် ရဲနွယ်ရေဝေရေလွှဲဧရိယာ ဧက ၁၈၉၀ ကို သဘာဝသစ်တောအဖြစ် ထိန်းသိမ်းဆောင်ရွက်နေပါတယ်၊ ပေါက်ခေါင်းစိုက်ခင်းအတွင်းမှာလည်း သဘာဝတောများ ထိန်းသိမ်းစောင့်ရှောက်ရန် ဆောင်ရွက်နေပါတယ်" ဟု ၎င်းက ဆက်လက်ရှင်းပြသည်။ ဖြိုးစည်သူကုမ္ပဏီအနေဖြင့် ပေါက်ခေါင်း၊ ကြံခင်းနှင့် ကျောက်တံတားမြို့နယ်တို့ရှိ ဒေသခံများအား အလုပ်အကိုင်များ ဖော်ဆောင်ပေးခြင်း၊ ကျွန်းစိုက်ခင်းအတွင်း ဝါ၊ နှမ်း၊ ပဲ၊ ပြောင်းနှင့် စပါးတို့ကို ကြားညှပ်စိုက်ပျိုးခွင့်ပေးခြင်း၊ လွတ်လပ်စွာ ရောင်းဝယ်ခွင့်ပေးခြင်း၊ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ၏ လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေးလုပ်ငန်းများတွင် ကူညီထောက်ပံ့ခြင်းများကို မျက်မြင် လေ့လာတွေ့ရှိခဲ့ရသည်။

ဒေသတွင်းရှိ ဆေးရုံများအတွက် ချွဲစုပ်စက်၊ မြွေဆိပ်ဖြေဆေး၊ ငှက်ဖျားဆေးများ လှူဒါန်းပေးထားကြောင်း၊ ကြံခင်းကျွန်းစိုက်ခင်းက လမ်းပန်းဆက်သွယ်ရေးမကောင်းသဖြင့် လမ်းတံတားများကိုအဆင့်မြှင့်တင်ခြင်း၊ အသစ်တည်ဆောက်ခြင်းများကို ပြုလုပ်ပေးခဲ့သဖြင့် ယခုအခါ ဒေသထွက်သီးနှံများကို ဈေးကွက်သို့အရောက် လွယ်ကူစွာ ရောင်းချနိုင်ပြီ ဖြစ်ကြောင်းကိုလည်း ကြံခင်းကျွန်းစိုက်ခင်းမှ ဒုတိယမန်နေဂျာ ဦးအောင်မင်းက ရှင်းပြခဲ့သည်။

ကျွန်းသစ်တောကြီးများ ယခုကဲ့သို့ အောင်မြင်ဖြစ်ထွန်းနေသည်ကို မြင်တွေ့ရသဖြင့် စိတ်ထဲတွင် အလွန်ကြည်နူးဝမ်းသာရသည်။ နိုင်ငံအတွက် ဘဏ္ဍာငွေများကို တိုးတက်ရှာဖွေပေးနိုင်မည့်အပြင် ဖောက်ပြန်ပြောင်းလဲလာသည့် ရာသီဥတုအခြေအနေများကို ဤသစ်တောများက ပြုပြင်ထိန်းသိမ်းပေးနိုင်မည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝတောရိုင်းတိရစ္ဆာန်များကိုလည်း ထိန်းသိမ်းရာရောက်သဖြင့် ပင်ကျပ်နုတ်ခြင်းဖြင့် ရှင်သန်ကြီးထွားလာမည့် မြန်မာ့အဖိုးတန်ရတနာကျွန်းသစ်များ၊ ကျွန်းတောများအကြောင်း အတွေးကား ကျွန်တော်၏ အပြန်ခရီးကို စိုးမိုးခဲ့ပါသည်။ ။

ကျွန်း ပင်ကျပ်နုတ်ခြင်းလုပ်ငန်းအဆင့်အဆင့် ကို လက်တွေ့ ကွင်း ဆင်း ဆောင် ရွက် နေကြစဉ်။

ကြံခင်းကျွန်းစိုက်ခင်းတွင် ဒေသတွင်းလမ်းတံတား အဆင့်မြှင့်တင်ထားမှု၊ အသစ်တည်ဆောက်ထားရှိမှုတို့ကို တွေ့ရစဉ်။

ကျွန်းစိုက်ခင်းအတွင်း ဒေသခံတောင်ယာသမားတို့က သီးနှံကြားညှပ် စိုက်ပျိုးခြင်းဖြစ်သည့် ဝါ၊ နှမ်း၊ ပြောင်း၊ စပါးတို့ကို စိုက်ပျိုးထားစဉ်။

မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲဖွင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၁၈

၂၀၁၁ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဖွင့်လှစ်

တိုင်းဒေသကြီးဝန်ကြီးချုပ်က မသန်စွမ်း အားကစားပြိုင်ပွဲများကို မသန်စွမ်းသူများ၏ စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်လာစေရန်၊ လူကောင်းများနှင့် တန်းတူရည်တူရှိရန်၊ ပြည်တွင်းအားကစားပွဲများမှတစ်ဆင့် နိုင်ငံတကာပြိုင်ပွဲများသို့ တက်လှမ်းယှဉ်ပြိုင်ကာ နိုင်ငံ့ကိုယ်စားပြု မသန်စွမ်းအားကစားသမားများပေါ်ထွန်းစေရန် ရည်ရွယ်ကျင်းပနေခြင်းဖြစ်ကြောင်း၊ မသန်စွမ်း အားကစားသမားများအနေဖြင့် နိုင်ငံ့ဂုဏ်ကို လူကောင်းအားကစားသမားများနည်းတူ စွမ်းဆောင်နိုင်ခဲ့သည်ကိုလည်း အားရဂုဏ်ယူဖွယ်တွေ့ရကြောင်း၊ "မသန်သည့်အတွက် သန်စွမ်းသည့်ဘက်က အစွမ်းပြမည်" ဆိုသည့်စိတ်ဓာတ်ဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားယှဉ်ပြိုင်ကြစေလိုကြောင်းဖြင့် ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲကို ကြည့်ရှုအားပေးပြီး အမျိုးသားဒူး၊ လက်တစ်ဖက်မီတာ ၁၀၀ အပြေးပြိုင်ပွဲနှင့် အမျိုးသမီးဒူးတစ်ဖက်အောက် မီတာ ၁၀၀ အပြေး ပြိုင်ပွဲတို့တွင် ဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆုများပေးအပ်သည်။

ပါဝင်ယှဉ်ပြိုင်

မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ ဘော်လီဘော၊ ကြက်တောင်၊ ဂေါက်သီးရိုက်နှင့် မျက်မမြင် စစ်တုရင်ပြိုင်ပွဲများပါဝင်ပြီး ပြိုင်ပွဲဝင် အသင်း ၁၇ သင်းမှ မသန်စွမ်း အားကစားသမား ၄၄၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာစာတတ်မြောက်ရေးနေ့ လှိုင်သာယာမြို့နယ်၌ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီက အမှတ် (၆) ရပ်ကွက်ရှိ အမှတ် (၂၄) အခြေခံပညာ မူလတန်းကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးမြင့်ဇော်တက်ရောက် အမှာစကားပြောကြားပြီး လှိုင်သာယာမြို့နယ်၏ စာတတ်မြောက်ရေးအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။ **(အပေါ်ပုံ)**

ဆုများပေးအပ်

ထို့နောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(၀၀၁)**

အလုပ်သမားဆေးရုံကြီး ဆေးပဒေသာပင်အတွက်ငွေလှူ

ရန်ကုန် စက်တင်ဘာ ၁၈

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ အလုပ်သမားဆေးရုံကြီး (ရန်ကုန်)သို့ ပြည်ပ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများမှ ဆေးပဒေသာပင် အသုံးပြုရန်အတွက် ငွေကျပ် ၁၀ သိန်းလှူဒါန်းသည့် အခမ်းအနားကို စက်တင်ဘာ ၉ ရက် နံနက် ၁၀ နာရီက ရန်ကုန်အလုပ်သမားဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်များကိုယ်စား ဗိုလ်မှူးကျော်ကျော် (ငြိမ်း) အုပ်ချုပ်မှုဒါရိုက်တာ ငွေကြိုးကြာ ပြည်ပအလုပ်အကိုင် ရှာဖွေရေးအေဂျင်စီမှ လှူဒါန်းရခြင်း အကြောင်းအရင်းနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်ဖြူဝင်းက လှူဒါန်းမှုအတွက် ကျေးဇူးတင်ဂုဏ်ပြုစကား ပြောကြားသည်။

ထို့နောက် အလှူရှင်များကိုယ်စား ဦးလှမျိုး အုပ်ချုပ်မှုဒါရိုက်တာ တိုးတက်ချမ်းသာကုမ္ပဏီနှင့် ဦးမြင့်ကျော် အုပ်ချုပ်မှုဒါရိုက်တာ ပြည့်အောင်ကျော် ကုမ္ပဏီတို့က လှူဒါန်းငွေကို ပေးအပ်ရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်ဖြူဝင်းက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

ဥက္ကံ စက်တင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ စက်တင်ဘာ ၈ ရက် နံနက် ၁၀ နာရီက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းက လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် သတိပြုရမည့် အချက်များ၊ ဆောင်ရန်ရှောင်ရန် နည်းလမ်းများနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး သိကောင်းစရာများအကြောင်းကို အသိပညာပေးဟောပြောသည်။ **(အပေါ်ပုံ)**

လက်ကမ်းစာစောင်

အခမ်းအနားတွင် တက်ရောက်လာကြသူများအား မြို့နယ်လျှပ်စစ်ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရေဘေးသင့် ပြည်သူများအား အလှူငွေပေးအပ်ပွဲ မဒေါက်မြို့၌ကျင်းပ

ညောင်လေးပင် စက်တင်ဘာ ၁၈

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့၌ ရေဘေးသင့်မိသားစုဝင်များအား ကူညီစောင့်ရှောက်သောအားဖြင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၄ ရက်က မဒေါက်မြို့ ပန်းငွေရုံ ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။ အခမ်းအနားတွင် မဒေါက်မြို့ ရေဘေးသင့်မိသားစုများအား ရန်ကုန်မြို့နေ အလှူရှင် အရာခံဗိုလ်သန်းလှိုင်နှင့် ဇနီး ဒေါ်သီသီလွင် (အောင်နီလာရတနာစတိုး၊ ဗိုလ်ချုပ်ဈေး) မိသားစုက ထောက်ပံ့လှူဒါန်းငွေများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(၁၃၈)**

ခရီးသည်တင်ယာဉ်၊ ကုန်တင်ယာဉ်များ မြို့တွင်း(၁)နာရီ မိုင်(၂၀) ထက် ပိုမမောင်းရ။

ကွဲ့နွား ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး အသိပညာပေး

လောင်းလုံ စက်တင်ဘာ ၁၈

ထားဝယ်ခရိုင် လောင်းလုံမြို့နယ် ညင်းမော်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကွဲ့၊ နွားကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး၊ အသိပညာပေးရေးနှင့် ကွင်းဆင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း ဟောပြောပွဲကို စက်တင်ဘာ ၄ ရက် ညနေ ၃ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာအုပ်ချုပ်ရေးမှူးဦးစိန်အောင်က အမှာစကားပြောကြားပြီး ထားဝယ်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်ဌေးက ကွဲ့၊ နွားကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး အသိပညာပေးဆွေးနွေးဟောပြောသည်။

ထို့နောက် ကွဲ့၊ နွားလည်ချောင်းကွဲရောဂါနှင့် ပေါင်ပုပ် လက်ပုပ်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း၊ မွေးမြူရေးတိရစ္ဆာန်များအား ကျန်းမာရေး စစ်ဆေးခြင်းနှင့် ကုသခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နိုင်ငံသားစိစစ်ရေးကတ်ပြားများ သိန်းနီမြို့၌ ပေးအပ်

သိန်းနီ စက်တင်ဘာ ၁၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဩဂုတ် ၂၇ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြည်နယ်ဦးစီးဌာနမှူး ဦးမြင့်ကိုကိုက ကျောင်းသား ကျောင်းသူတို့အား နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(၄၀၁)**

သံဖြူဇရပ်မြို့နယ် မော်တော်ယာဉ် ထိန်းသိမ်းကြီးကြပ်မှုကော်မတီ နှစ်ပတ်လည်အစည်းအဝေးနှင့် ဂုဏ်ပြုပွဲ ကျင်းပ

သံဖြူဇရပ် စက်တင်ဘာ ၁၈

သံဖြူဇရပ်မြို့နယ် မော်တော်ယာဉ် ထိန်းသိမ်းကြီးကြပ်မှုကော်မတီ၏ (၄) နှစ်မြောက် နှစ်ပတ်လည်နှင့် ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားနှင့် ဝန်ထမ်းမိသားစုများထဲမှ တက္ကသိုလ်ဝင်တန်း အောင်မြင်သူများအား ဂုဏ်ပြုပွဲ အခမ်းအနားကို စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက မြို့နယ်မော်တော်ယာဉ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းဆွေးနွေး

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအေးရွှေနှင့် မော်တော်ယာဉ် ထိန်းသိမ်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးဝင်းသိန်းတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားနှင့် ဝန်ထမ်းသားသမီးများထဲမှ ၂၀၁၀-၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူ ၁၂ ဦးအား ဂုဏ်ပြုဆုချီးမြှင့်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မော်တော်ယာဉ်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဝင်းသိန်း **(အပေါ်ပုံ)**၊ အတွင်းရေးမှူး ဦးအေးကျော်နှင့် ကော်မတီဝင်များက ဆုချီးမြှင့်ပေးအပ်ကြသည်။

ဆက်လက်၍ မြို့နယ်မော်တော်ယာဉ်ကြီးကြပ်မှုကော်မတီ၏ (၄)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ကျင်းပရာ ကော်မတီဝင်များနှင့် ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားများက လုပ်ငန်းဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္လာနေ့ -နံနက်+နေ့လယ်+ည)

၁၉-၉-၂၀၁၁

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅	တရားတော် (မင်္ဂလသုတ်+ဂုဏ်တော်ကွန်ချာ)
၇း၃၀	ဓမ္မပူဇာတေးပဒေသာ
၇း၃၅	(၁၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန် + သတင်း
၈း၃၀	(၁၈)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲဝင်များ လေ့လာရန် စံတေးသီချင်းများ တေးပဒေသာ
၁၀း၀၀	အမှတ်တရတေးလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၀း၄၅	လယ်ယာစီးပွား (မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ပျိုးရာတွင်ဆောင်ရွက်ရမည့် လုပ်ငန်းများ) တေးသီချင်း
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	မေတို့တွက်တာအလှကမ္ဘာ (ပြစ်မျိုးမှဲ့မထင်လှစေချင်)
၁၁း၂၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	သိပ္ပံပညာသိကောင်းစရာ (သိပ္ပံသတင်းအတိုအထွာ)
၁၁း၄၀	တေးပဒေသာ
၁၂း၀၀	စံတော်ချိန် သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ
၁၂း၁၅	အလုပ်အကိုင်အခွင့်အလမ်း
၁၂း၂၀	တေးပဒေသာ
၁၂း၃၀	အားကစားသတင်းပဒေသာ
၁၂း၄၀	လူမှုစာနာပြန်ကြားလွှာ နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	ပညာရေးအစီအစဉ် (ပထမတန်း ပြည်ထောင်စုစိတ်ဓာတ်) တေးပဒေသာ
၁၃း၃၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် (၁၈)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲဝင်များ လေ့လာရန်စံတေးသီချင်းများ
၁၆း၃၀	သောတရှင်လိုရာတေး
၁၇း၀၀	ထူးခြားထင်ရှား တစ်ပတ်အတွင်း သတင်းများ
၁၇း၁၀	သန်စွမ်းကျန်းမာကိုယ်ခန္ဓာ (ကြည်ကြည်လင်လင်အိပ်ရာက နိုးထနိုင်စေဖို့)
၁၇း၁၅	ဇာနည်စစ်သည်တေးပန်းချီ
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၅	အင်္ဂလိပ်စာသုတပဒေသာ (၇၇) ညနေခင်းတေးပဒေသာ
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	တေးချစ်သူရွေးသီတေးပန်းချီ တေးပဒေသာ
၁၉း၀၀	နိုင်ငံတကာသတင်း
၁၉း၁၀	(၁၈)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အကဘာသာရပ် အကဲဖြတ် ဒိုင်အဖွဲ့၏ အထောက်အကူပြု ဆွေးနွေးခန်း တေးပဒေသာ
၁၉း၄၀	ပြဇာတ်ပဒေသာ
၂၀း၀၀	ပြည်တွင်းသတင်း
၂၀း၂၀	ချမ်းမြေ့သာယာသီရိဂေဟာ (အရိပ်ပမာ)
၂၁း၀၀	ခံစားနားဆင်မြန်မာတေးသံစဉ်
၂၁း၃၀	ညချမ်းချိန်ခါတေးပဒေသာ အဖိတ်နေ့နှုတ်ဆက်ချက်
၂၂း၀၀	အစီအစဉ်ပြီး၏။

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ရမည်းသင်းမြို့၌ ချေးငွေများပေးအပ်

ရမည်းသင်း စက်တင်ဘာ ၁၈

ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မွေးမြူရေးနှင့် သားငါးကုန်ထုတ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသေးစား ပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများအတွက် ချေးငွေများ ပေးအပ်ပွဲကို စက်တင်ဘာ ၆ ရက်မှ ၈ ရက်အထိ ကျေးရွာများတွင် ကျင်းပသည်။

အခမ်းအနားများသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင် ဦးဆောင်လျက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒေါက်တာကျော်မြင့်၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးဉာဏ်ကွန်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မန်နေဂျာ ဒေါ်ချိုနွယ်ဦး၊ အသေးစား ချေးငွေလုပ်ငန်းတာဝန်ခံ ဦးစိုးလွင်နှင့် အသေးစားချေးငွေလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးဌေးအောင်တို့လိုက်ပါလျက် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆိတ်မွေးမြူရန် ကျေးရွာငါးရွာမှ ပြည်သူ ၅၀ အား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှစ်သောင်းငါးထောင်နှင့် အသေးစား ပုဂ္ဂလိက ငွေစုငွေချေးအတွက် ကျေးရွာငါးရွာမှ လက်လုပ်လက်စား ၃၃၀ အား တစ်ဦးလျှင် ငွေကျပ်ငါးသောင်းစီ ချေးငွေများ ထုတ်ချေးပေးခဲ့ကြောင်း သိရှိရသည်။ **(၄၀၆)**

မောင်မောင်မြင့်ဆွေ ➤ စုစည်းသည်

မင်းသမီးချော ဂျင်နီဖာလောရင့် တောလျှောက်ချွန့်ကားသန်း ဇာတ်ကားရိုက်ကူး

ဆန်တာမိုနီကာ စက်တင်ဘာ ၁၈

နာမည်ကြီး ရုပ်ရှင်သရုပ်ဆောင် ဂျင်နီဖာလောရင့် (Jennifer Lawrence) ဟာ အမေရိကန်နိုင်ငံ မြောက်ကယ်ရိုလိုင်းနားမှာ Hunger Games လို့အမည်ရတဲ့ ရုပ်ရှင်ဇာတ်ကားကြီး ရိုက်ကူးနေပြီဖြစ်ပါတယ်။ **(အပေါ်ပုံ)**

သရုပ်ဆောင်ထား

ဒီရုပ်ရှင်ကားကြီးဟာ ဆူဆန်နီကောလင်းရဲ့ ဝတ္ထုကိုအခြေခံပြီး တောတွင်းစွန့်စားခန်းများအဖြစ် ရိုက်ကူးထားခြင်းဖြစ်ပါတယ်။ ဒီဇာတ်ကားကို လိုင်းယွန်းဂိတ် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးနေခြင်းဖြစ်ပြီး လာမယ့်နှစ် မတ်လတွင် ပြသနိုင်မှာဖြစ်ကြောင်း သိရပါတယ်။ Hunger Games လို့ အမည်ရတဲ့ ဒီရုပ်ရှင်ကားကြီးမှာ သရုပ်ဆောင်များအဖြစ် ဂျင်နီဖာလောရင့်၊ ဂျိုးဆက်ဟွတ်ချာဆင်နဲ့ လျံဟမ်းဆဝပ်တို့က အဓိက သရုပ်ဆောင်များအဖြစ် ပါဝင်သရုပ်ဆောင်ထားကြပါတယ်။ ဒီဇာတ်ကားကြီးကို မြောက်ကယ်ရိုလိုင်းနားပြည်နယ်မှာရှိတဲ့ တောနက်ကြီးတစ်ခုအတွင်းမှာ ရိုက်ကူးထားခြင်းဖြစ်ပြီး သည်းထိတ်ရင်ဖိုစွန့်စားခန်းများစွာနဲ့ ရိုက်ကူးထားခြင်းဖြစ်ကြောင်း လိုင်းယွန်းဂိတ် ရုပ်ရှင်ထုတ်လုပ်ရေးက ပြောပါတယ်။ **(အင်တာနက်)**

ကမ္ဘာ့ဝင်ငွေ အကောင်းဆုံး သရုပ်ဆောင် တိုင်လာပါရီ

ဆန်ဖရန်စစ္စကို စက်တင်ဘာ ၁၈

စွယ်စုံရအနုပညာရှင် တိုင်လာပါရီ (Tyler Perry) **(ယာပုံ)**ဟာ ဟောလိဝုဒ်မှာ ဝင်ငွေအကောင်းဆုံး သရုပ်ဆောင်ဖြစ်တဲ့အကြောင်း ဖောဘက်မဂ္ဂဇင်းက ဖော်ပြထားပါတယ်။

သရုပ်ဆောင် တိုင်လာပါရီကို ရုပ်ရှင်ဒါရိုက်တာ၊ ဇာတ်ညွှန်းရေးဆရာ၊ ထုတ်လုပ်သူ၊စာရေးဆရာနဲ့ သီချင်းရေးဆရာအဖြစ် လူသိများကြပါတယ်။ သူဟာ ၂၀၁၀ခုနှစ် မေလမှစပြီး ယခုနှစ် မေလအထိ ဟောလိဝုဒ်မှာ ဝင်ငွေအကောင်းဆုံး ပုဂ္ဂိုလ်ဖြစ်ပြီး အမေရိကန်ဒေါ်လာ သန်း ၁၃၀ ဝင်ငွေရှိတဲ့အကြောင်း အဆိုပါ မဂ္ဂဇင်းရဲ့ ဝက်ဘ်ဆိုက်မှာ ကြေညာထားပါတယ်။

သူဟာ လွန်ခဲ့တဲ့ နှစ်နှစ်တာအတွင်း အင်မတန်လူကြိုက်များခဲ့တဲ့ ရုပ်ရှင်ကားကြီး ငါးကားမှာ ပါဝင်သရုပ်ဆောင်ခဲ့ပါတယ်။ အဲဒီရုပ်ရှင်ကားတွေထဲမှာ Madea's Big Happy Family ၊ Why Did I Get Married Too? နဲ့ Far Colored Girls လို့ အမည်ရတဲ့ ရုပ်ရှင်ကားများလည်း ပါဝင်ပါတယ်။ ဒီရုပ်ရှင်ကားတွေဟာ ပရိသတ်တွေ အကြိုက်တွေ့ခဲ့တာကြောင့် သရုပ်ဆောင် တိုင်လာပါရီလည်း ဝင်ငွေအကောင်းဆုံး သရုပ်ဆောင်ဖြစ်လာခဲ့ပါတယ်။ ဒါ့အပြင် Meet the Browrs နဲ့ House of Payne လို့ အမည်ရတဲ့ ရုပ်သံဇာတ်လမ်းတွဲတွေမှာလည်း ပါဝင်သရုပ်ဆောင်ခဲ့ပါတယ်။

ဒုတိယဝင်ငွေအကောင်းဆုံးကတော့ ဂျယ်ရီဘရွတ်ခေးမီးယား (Jerry Bruckheimer) ပဲ ဖြစ်ပါတယ်။ သူဟာ အဆိုပါ ကာလအတွင်း ဝင်ငွေ ဒေါ်လာ ၁၁၃ သန်း ဝင်ငွေရရှိခဲ့ပါတယ်။ သူဟာ ရုပ်ရှင်ကားထုတ်လုပ်သူသာ ဖြစ်ပါတယ်။ နာမည်ကျော် တိုင်တန်းနစ်မင်းသား လီယိုနာဒိုကတော့ ဒေါ်လာ ၇၇ သန်း ဝင်ငွေရပြီး နံပါတ် (၈)ဝင်ငွေအကောင်းဆုံး ဖြစ်ပါတယ်။ သူဟာ Shutter Land နဲ့ Inception လို့ အမည်ရတဲ့ ရုပ်ရှင်ကားတွေမှာ ထူးချွန်ပြောင်မြောက်စွာ သရုပ်ဆောင်နိုင်ခဲ့သူဖြစ်ပါတယ်။ ရုပ်ရှင်ထုတ်လုပ်သူ ဘရွတ် ခေးမီးယားဟာ Prince of Persia နဲ့ Pirates of the Caribean: On Stranger Tides ရုပ်ရှင်ကားကြီးများကို ထုတ်လုပ်ခဲ့သူဖြစ်ပါတယ်။ ဒီရုပ်ရှင်ကားတွေဟာ အလွန်လူကြည့်များပြီး ရုပ်ရှင်လက်မှတ် သန်းပေါင်းများစွာ ရောင်းချခဲ့ရကြောင်း သိရပါတယ်။ **(အင်တာနက်)**

ဘူဆန်နိုင်ငံတကာရုပ်ရှင်ပွဲတော်ကျင်းပမည်

ဘူဆန် စက်တင်ဘာ ၁၈

တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့မှာ ကျင်းပမယ့် ဘူဆန်နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို လာမယ့် အောက်တိုဘာ ၆ ရက်မှ ၁၄ ရက်အထိ ကျင်းပတော့မှာ ဖြစ်ပါတယ်။ အခုကျင်းပမယ့် ဘူဆန်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ဟာ (၁၆)ကြိမ်မြောက် ဖြစ်ပါတယ်။

ဒီရုပ်ရှင်ပွဲတော်ကို တောင်ကိုရီးယား၊ ဂျပန်၊ ဗီယက်နမ်၊ ဆွစ်ဇာလန်၊ တရုတ်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ အင်ဒိုနီးရှား၊ ဥဇဘက်ကစ္စတန်၊ အီရန်၊ စင်ကာပူ၊ ထိုင်းစတဲ့ ကမ္ဘာ့နိုင်ငံပေါင်းများစွာမှ ရုပ်ရှင်ကားပေါင်း ၅၀ ကျော် ပါဝင်ဆင်နွှဲကြမှာဖြစ်ပါတယ်။

(၁၆)ကြိမ်မြောက် ဘူဆန်နိုင်ငံတကာရုပ်ရှင်ပွဲတော်ရဲ့ ဖွင့်ပွဲနေ့မှာ ဒါရိုက်တာ ဆောင်အီဂွန် ရိုက်ကူးတဲ့ တောင်ကိုရီးယားရုပ်ရှင်ကား Always **(ဝဲပုံ)** နဲ့ ပြသဖွင့်လှစ်မှာဖြစ်ပြီး ပိတ်ပွဲနေ့မှာတော့ ဂျပန်ရုပ်ရှင်ကားဖြစ်တဲ့ ဒါရိုက်တာ မာဆာတိုဟာနာဒါ ရိုက်ကူးထားတဲ့ Chronicle of My Mother ဇာတ်ကားနဲ့ ပြသမှာဖြစ်ပါတယ်။

ဒီရုပ်ရှင်ပွဲတော်မှာ အမှတ်ပေးရွေးချယ်မယ့် ဂျူရီဒိုင်လူကြီးတွေကတော့ တရုတ်ရုပ်ရှင် ဒါရိုက်တာ ယွန်ဖန်က အဖွဲ့ခေါင်းဆောင်အဖြစ်တာဝန်ယူမှာ ဖြစ်ပါတယ်။ အဖွဲ့ဝင်တွေအဖြစ် ဂျပန်ရုပ်ရှင်သရုပ်ဆောင် မင်းသား ဂျိုအိုဒါဂီရီ၊ တရုတ်ရုပ်ရှင်မင်းသမီး ဝမ်လီကျန်၊ တောင်ကိုရီးယားရုပ်ရှင်ထုတ်လုပ်သူ ဟိုဂျောင်ဝမ်တို့က တာဝန်ထမ်းဆောင်ကြမှာ ဖြစ်ပါတယ်။

နာမည်ကြီးရေပန်းစားနေတဲ့ ရုပ်ရှင်ကားတွေကတော့ တောင်ကိုရီးယားရုပ်ရှင်ကား Choked ၊ ဂျပန်ရုပ်ရှင်ကား Damn Life၊ တရုတ်ရုပ်ရှင်ကား Lost in the Mountain ၊ အီရန်ရုပ်ရှင်ကား Mournig ၊ အိန္ဒိယရုပ်ရှင်ကား Watch Indian Circus ၊ သီရိလင်္ကာ ရုပ်ရှင်ကား August Drizzle တို့ပဲ ဖြစ်ပါတယ်။ ဒါ့အပြင် တရုတ်ရုပ်ရှင်ကားဖြစ်တဲ့ 11 Flowers၊ အင်ဒိုနီးရှားရုပ်ရှင်ကားဖြစ်တဲ့ The Beetle Soldiers ဇာတ်ကားတွေကလည်း ရုပ်ရှင်ကားကောင်းတွေအဖြစ် နာမည်ကြီးလျက်ရှိပါတယ်။ **(အင်တာနက်)**

●*ကျောဖုံးမှ*

ကမ္ဘာ့နပန်းပြိုင်ပွဲ ရုရှား၊ အဇာဘိုင်ဂျန်နှင့် အီရန်တို့ ရွှေတံဆိပ်ဆွတ်ခူး

အစ္စတန်ဘူလ် စက်တင်ဘာ ၁၈

ကမ္ဘာ့နပန်းပြိုင်ပွဲကို တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ကျင်းပလျက်ရှိရာ စက်တင်ဘာ ၁၈ ရက်က ကျင်းပသော အမျိုးသား ကီလို ၆၀တန်း၌ ရုရှားမှ ကူဒူယော့ဗ်က ပွာတိုရီကိုမှ ဖရန့်ကလင်ဂိုမက်စ်မာတို့စ်အား အနိုင်ရရှိပြီး ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ **(အပေါ်ပုံ)**

ထို့အတူ အမျိုးသား ၈၄ ကီလိုတန်းပြိုင်ပွဲတွင် အဇာဘိုင်ဂျန်မှ ရှာရစ်ဖို့ဗ်က ယူကရိန်းမှ အယ်လ်ဒါတော့ဗ်အား အနိုင်ရရှိပြီး ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။ ၉၆ ကီလိုတန်း နပန်းပြိုင်ပွဲ၌ အီရန်မှ မိုဟာမက်အလီယာဇ်ဒါနီက တူရကီမှ ဆာဟက်ဘာယ်စီအား အနိုင်ရရှိပြီး ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့သည်။ ထို့ကြောင့် တူရကီမှ ဆာဟက်ဘာယ်စီက ငွေတံဆိပ်ရရှိခဲ့သည်။ **(အင်တာနက်)**

အာရှ အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ တောင်ကိုရီးယားနှင့် တရုတ်တို့ နိုင်ပွဲရရှိ

ဝူဟန် စက်တင်ဘာ ၁၈

အာရှ အမျိုးသားဘတ်စကက်ဘော ချန်ပီယံရှစ်ပြိုင်ပွဲကို တရုတ်နိုင်ငံ ဝူဟန်မြို့၌ ကျင်းပလျက်ရှိရာ စက်တင်ဘာ ၁၈ ရက်က ယှဉ်ပြိုင်သောအုပ်စု(က)မှ တောင်ကိုရီးယားနှင့် အိန္ဒိယတို့ပွဲတွင် တောင်ကိုရီးယားအသင်းက ၈၄ မှတ်၊ ၅၃ မှတ်ဖြင့် အနိုင်ရရှိခဲ့သည်။ **(ဝဲပုံ)**

တစ်ဖန် အုပ်စု(က)မှ လက်ဘနွန်နှင့် မလေးရှားတို့ပွဲတွင် လက်ဘနွန်အသင်းက ၈၇မှတ်၊ ၅၉ဖြင့် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် အုပ်စု(က)၌ သုံးပွဲကစားပြီးချိန်တွင် တောင်ကိုရီးယားအသင်းက သုံးပွဲကစား၊ သုံးပွဲနိုင်ပြီး ခြောက်မှတ်ရရှိကာ အုပ်စုပထမနေရာ၌ ရပ်တည်နေသည်။ အုပ်စု(ခ)မှ အီရန်နှင့် ဥဇဘက်ကစ္စတန်တို့ပွဲတွင် အီရန်အသင်းက ၁၃၂ မှတ်၊ ၃၈ မှတ်ဖြင့် အနိုင်ရရှိခဲ့သည်။ အုပ်စု(ဂ)မှ ဂျော်ဒန်နှင့် အင်ဒိုနီးရှားတို့ပွဲတွင် ဂျော်ဒန်က ၈၉ မှတ်၊ ၅၉ မှတ်ဖြင့် အနိုင်ရရှိပြီး ဂျပန်နှင့် ဆီးရီးယားတို့ပွဲတွင် ဂျပန်က ၇၇ မှတ်၊ ၅၅ မှတ်ဖြင့် အနိုင်ရရှိခဲ့သည်။ **(အင်တာနက်)**

မြန်မာ့အလင်း ဖောင်ပိတ်အားကစားသတင်း

မြင့်မောင်စိုး ရေးသားသည်

စမောလင်း၊ နာနီနှင့်ရွန်နေတို့ ဂိုးများဖြင့် မန်ယူနိုင်ပွဲဆက်

လန်ဒန် စက်တင်ဘာ ၁၈

မန်ယူအတွက်အဖွင့်ဂိုးကို စမောလင်း ခေါင်းတိုက်ဂိုးသွင်းယူစဉ်။

ပရီမီယာလိဂ်ပွဲစဉ် (၅) ဘောလုံးပြိုင်ပွဲများကို စက်တင်ဘာ ၁၈ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ စပါးအသင်းက နှစ်ယောက်အထုတ်ခံရသည့် လီဗာပူးအသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။ လီဗာပူးအသင်းမှ အဒမ်နှင့် စကာတယ်တို့ နှစ်ဝါ တစ်နီဖြင့် စောစီးစွာ ထွက်သွားခဲ့ရသဖြင့် စပါးတို့ ပွဲစဉ်တစ်လျှောက် ကစားကွက်ကို စိုးမိုးကာ ဂိုးပြတ်သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

စပါးအသင်းအတွက် ဂိုးများကို တိုက်စစ်မှူးအဒီဘာယောက နှစ်ဂိုး၊ မိုဒရစ်နှင့် ဂျာမိန်းဒီဖိုးတို့က တစ်ဂိုးစီသွင်းယူပေးခဲ့ကြသည်။ ဆန်းဒါးလန်းအသင်းက အိမ်ကွင်း၌ စတုတ်အသင်းကို လေးဂိုးပြတ်ဖြင့် နိုင်ခဲ့သည်။ ဆန်းဒါးလန်းအသင်း၏ ယင်းအနိုင်ပွဲသည် ပထမဆုံး ပရီမီယာလိဂ် အနိုင်ပွဲဖြစ်သည်။ ဖူလ်ဟမ်နှင့် မန်စီးတီးတို့ ယှဉ်ပြိုင်ကစားရာတွင် မန်စီးတီးတိုက်စစ်မှူး အဂူရိုက ယခုနှစ်ရာသီတွင် မန်စီးတီးအသင်းအတွက် ခုနစ်ဂိုးမြောက်နှင့် ရှစ်ဂိုးမြောက် သွင်းယူခဲ့သော်လည်း ဖူလ်ဟမ်အသင်းမှ ဇာမိုရာနှင့် မာဖီတို့က နောက်မှလိုက်၍ ချေပဂိုးသွင်းသဖြင့် တစ်ဖက်နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည်။ နာမည်ကြီးမန်ယူက ချယ်လ်ဆီးကို အိမ်ကွင်း၌လက်ခံကစားခဲ့ရာ ပထမပိုင်းမှာပင် စမောလင်း၊ နာနီနှင့် ရွန်နေတို့၏ဂိုးများဖြင့် ဦးဆောင်ကစားခဲ့သည်။ ရွန်နေအနေဖြင့် ငါးပွဲဆက်တိုက်ဂိုးသွင်းနိုင်ခြင်းဖြစ်သည်။ ချယ်လ်ဆီးတိုက်စစ်မှူးများ အပိုင်ဂိုးပေါက်ကန်သွင်းခွင့်များရသော်လည်း ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ပေ။ ဒုတိယပိုင်းတွင် ချယ်လ်ဆီးအသင်း၏ တစ်လုံးတည်းသော ချေပဂိုးကို တိုက်စစ်မှူး တောရက်စ်က သွင်းယူခဲ့သည်။ မန်ယူတိုက်စစ်မှူး ရွန်နေပယ်နယ်တီကန်ခွင့်ရသော်လည်း ဂိုးပေါက်နှင့် လွဲချော်ခဲ့ရသည်။ ဆက်လက်၍ တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ပြီး မန်ယူက သုံးဂိုး-တစ်ဂိုးဖြင့်နိုင်ကာ ဇယားထိပ်၌ ဦးဆောင်နေဆဲဖြစ်သည်။ **(အင်တာနက်)**

19-9 (11).pmd 1 9/19/2011, 3:18 AM

တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးဟောပြော

ဝါးခယ်မ စက်တင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစောမြသိန်း၊ မြောင်းမြခရိုင် အုပ်ချုပ်ရေးမှူး ဦးမင်းထူးကျော်၊ ဧရာဝတီတိုင်းဒေသကြီး လက်ထောက်ပညာရေးမှူး ဦးကြည်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်းတို့သည် စက်တင်ဘာ ၁၁ ရက် ညနေ ၄ နာရီက ဝါးခယ်မမြို့နယ် ရွှေလောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအားတွေ့ဆုံ၍ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး ဟောပြောသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစောမြသိန်းက မူလတန်းအဆင့်ကျောင်းများအတွက် ဆန်၊ ဆီနှင့် ဆား စသည့်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(အပေါ်ဝဲပုံ) (၁၃၉)

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)သို့ အလှူငွေပေးအပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၈

မသန်စွမ်းသူများဖြင့် ဖွဲ့စည်းထားပြီး မသန်စွမ်းသူများအတွက် ဆောင်ရွက်ပေးလျက်ရှိသော လမ်းမတော်မြို့နယ် ဗိုလ်ချုပ်လမ်းနှင့် ဝါးတန်းလမ်းထောင့်ရှိ ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)သို့ အမှတ် (၁) ဂန္ဓမာလမ်း ငွေကြာယံရိပ်သာ တောင်ဥက္ကလာပမြို့နယ်နေ ကိုထွန်းမင်းလတ် (ခေတ္တအင်္ဂလန်)က အသက် ၂၂ နှစ် ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် အလှူငွေကျပ် ၂၂ သိန်းကို ကိုထွန်းမင်းလတ် ကိုယ်စား ဦးက္ကဒ္ဒိလှနှင့် ဒေါက်တာခင်သိန်းစိန်တို့က လာရောက်လှူဒါန်းရာ ဖောင်ဒေးရှင်းနာယက ဗိုလ်ချုပ်စိန်ထွား(ငြိမ်း)က လက်ခံယူပြီး ဗဟိုအမှုဆောင် ဦးဂျေညီညီက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်းသိရှိရသည်။ **(ရွှေမင်းသားဖောင်ဒေးရှင်း)**

စက်တင်ဘာ ၁၆ ရက်က ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ဘောလုံးပြိုင်ပွဲ အောင်နိုင်ရေးအလံပေးအပ်ပွဲတွင် နည်းပြနှင့် အုပ်ချုပ်သူတို့အား အင်းစိန်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေ အောင်နိုင်ရေးအလံ ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအသိပညာပေးဟောပြောပွဲ
အလုံမြို့နယ်၌ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၈

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၁၂ နာရီခွဲက အလုံမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်၌ ကျင်းပရာ အလုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်စိုးက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဆွေးနွေးဟောပြောသည်။

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဆွေးနွေးဟောပြောရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်စိုးက နည်းမှန်လမ်းမှန်နှင့် အသုံးမပြုတတ်လျှင် အသက်အန္တရာယ်ဆုံးရှုံးပြီး နေအိမ်အဆောက်အအုံများ မီးလောင်သည်အထိဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် လျှပ်စစ်မီးသုံးစွဲသည့် ပြည်သူအားလုံး လျှပ်စစ်အသိ၊ လျှပ်စစ်သတိရှိ၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန် လိုအပ်ကြောင်း၊ နေအိမ်တွင် မိသားစု လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အချက်(၈)ချက်ကို သိထားရမည်ဖြစ်ကြောင်း၊ လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် သတိထားဆောင်ရွက်ရမည့်အချက်များ၊ လျှပ်စစ်အန္တရာယ်ဖြစ်နိုင်သော အကြောင်းအချက်များတွေ့ရှိပါက နီးစပ်ရာလျှပ်စစ်ရုံးများသို့ အမြန်ဆုံးဆက်သွယ်အကြောင်းကြားရန်လိုကြောင်း၊ အိမ်သို့ သွယ်တန်းထားသော ဆားဗစ်ကြိုးများ ပေါက်ပြဲနေပါက အမြန်ဆုံးလဲလှယ်ရန်လိုကြောင်း ဆွေးနွေးဟောပြောသည်။

ထို့နောက် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များကို ကျောင်းသား ကျောင်းသူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၁၈

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာစေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

အမ်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ ဩဂုတ် ၂၅ ရက်က စာဖတ်ပွဲကျင်းပရာ စာထောက်(၃) ဒေါ်ခင်မျိုးတင် ဖတ်ကြားဆွေးနွေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျေးလက်စာကြည့်တိုက်များသို့ စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်း

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထားဝယ်ခရိုင် ထားဝယ်မြို့နယ် အတွင်းရှိ ကျေးရွာ ၁၇ ရွာသို့ တစ်ရွာလျှင်အုပ်ရေ ၂၀၀ဖြင့် စုစုပေါင်းအုပ်ရေ ၃၄၀၀အား လှူဒါန်းသည့် စာအုပ်စာစောင်များကို ကျေးလက်စာကြည့်တိုက်များသို့ထပ်ဆင့် လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၃၁ ရက် မွန်းလွဲ ၁ နာရီက ထားဝယ်မြို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်က ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့အောင် ဆောင်ရွက်ကြရေးပြောကြားသည်။

ဆက်လက်၍ ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မူမူအေးက စာကြည့်တိုက်အကြောင်း သိကောင်းစရာများ ရှင်းလင်းပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ကျေးလက်စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ထပ်ဆင့် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

စာအုပ် စာပေ လူ့မိတ်ဆွေ

❒ *ကျောဖုံးမှ*

တို့အားလည်းကောင်း၊ အမျိုးသား ၄၆ ကီလိုတန်း လက်ဝှေ့ပြိုင်ပွဲ၌ ပထမဆုရ ရန်မျိုးအောင်(ရန်ကုန်ကလပ်)၊ ဒုတိယဆုရ ကျော်ခိုင်ဦး(ဘားအံကလပ်)၊ တတိယဆုရ ကိုကိုဦး (ကျိုင်းတုံကလပ်)၊ အမျိုးသား ၄၉ ကီလိုတန်း လက်ဝှေ့ပြိုင်ပွဲ၌ ပထမဆုရ မျိုးလင်းကျော်(ဘားအံကလပ်)၊ ဒုတိယဆုရ မင်းဇော်(ကျိုင်းတုံကလပ်)နှင့် တတိယဆုရ စည်သူထွန်း(စစ်တွေကလပ်)တို့အား ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ကျင်းပသွားမည်

၂၀၁၁ ခုနှစ် နေပြည်တော် Champion Challenge Cup Tournament တတိယအသုတ် အားကစားပြိုင်ပွဲများအဖြစ် ရိုးရာလက်ဝှေ့ပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲနှင့် စက်ဘီးပြိုင်ပွဲများကို စက်တင်ဘာ ၂၂ ရက်တွင် နေပြည်တော် ပျဉ်းမနားရှိ ပေါင်းလောင်းအားကစားခန်းမ၌ ဖွင့်ပွဲအခမ်းအနားဖြင့် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပျော်ဘွယ်မြို့နယ်အတွင်း ကျေးရွာများမီးလင်းရေးဆောင်ရွက်

ပျော်ဘွယ် စက်တင်ဘာ ၁၈

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးရွာများတွင် မီးလင်းရေး လုပ်ငန်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက ပျော်ဘွယ်မြို့နယ်၌ ကျင်းပရာ မန္တလေး တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမြင့်ကြူက ရှင်းလင်းဆွေးနွေးသည်။ **(အောက်ပုံ)**

ထုတ်ချေးပေး

ပျော်ဘွယ်မြို့နယ်အတွင်းမှ ကျေးရွာငါးရွာဖြစ်သည့် ကန်တဲကျေးရွာ၊ ဗောဓိကုန်းကျေးရွာ၊ ကေရာဇ်ကုန်းကျေးရွာ၊ သပြေရိုးကျေးရွာ၊ မြောက်ကံကြီးကျေးရွာတို့တွင် ဒီဇယ်အင်ဂျင်ဖြင့် မီးလင်းရေးလုပ်ငန်းဆောင်ရွက်ရန်အတွက် ကန်တဲကျေးရွာအတွက် ငွေကျပ် ၃၇၉၅၀၀၀ ကို လည်းကောင်း၊ ဗောဓိကုန်းကျေးရွာအတွက် ငွေကျပ် ၂၅၉၉၅၀၀ ကို လည်းကောင်း၊ ကေရာဇ်ကုန်းကျေးရွာအတွက် ငွေကျပ် ၂၇၄၃၅၀၀ ကို လည်းကောင်း၊ သပြေရိုးကျေးရွာအတွက် ငွေကျပ် ၃၅၀၅၀၀၀ ကို လည်းကောင်း၊ မြောက်ကံကြီးကျေးရွာအတွက် ငွေကျပ် ၃၅၁၇၀၀၀ကို လည်းကောင်း ကျေးလက်မီးလင်းရေးလုပ်ငန်းအတွက် ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၉-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော် + ရတနသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ **တရားဦးဓမ္မစကြာ** တရားတော် (အပိုင်း-၇) (ဆရာတော် အရှင်ပညာ သီဟာဘိဝံသ)
- ၆း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၃၁)
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၇၃)
- ၈း၅၀ မိုးညှင်းတောရမှ နှစ်တစ်ရာပြည့် အခမ်းအနား
- ၉း၁၀ 'မင်္ဂလာပါမိသားစု'၏ မင်္ဂလာရှိတဲ့ သက်ကြီးပူဇော်ပွဲ
- ၉း၁၅ တော်ဝင်မိသားစု၏ စတုဒိသာ အလှူ
- ၉း၂၅ MRTV-4 ကျန်းမာရေးကဏ္ဍ (အရေပြားကျန်းမာရေး)
- ၁၀း၁၀ Activities in the City (ASEAN Academy of Engineering and Technology ၏ တန်ဖိုးနည်းနေအိမ်ဒီဇိုင်း ပြိုင်ပွဲဆုရရှိသူများဂုဏ်ပြုပွဲ)
- ၁၀း၂၅ The Champion of Dance
- ၁၁း၀၀ Celebrity Choice (အိန်အိန်း)
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၀၀ A Journey to the Korea (Part-6)
- ၁၂း၃၀ မြတ်နိုးဖွယ်ရာ မြန်မာကဗျာ (နွေမိုးဖျန်းပက်ပန်းတစ်ခက်)
- ၁း၀၀ **တရားဦးဓမ္မစကြာ** တရားတော် (အပိုင်း-၇) (ဆရာတော် အရှင်ပညာ သီဟာဘိဝံသ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ ရန်ကုန်မြင်ကွင်းကျယ် (Living Square Show Room ဖွင့်ပွဲ အခမ်းအနား)
- ၂း၃၅ အာလိန်ငါးဆင့်မှ လှူဒါန်းမှုတို့ ဝေဝေဆာဆာ ဒါနရန့်တို့ သင်းကာလှိုင်
- ၃း၀၀ Activities in the City (ပလေးဘွိုင်းသန်းနိုင်၏ Sweet 16 Live Show အကြိုပြင်ဆင်မှု မြင်ကွင်း)
- ၃း၀၅ "ဝ" တာတကယ်လှလို့လား ကျန်းမာရေးစကားဝိုင်း (အပိုင်း-၂)
- ၃း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၃၁)
- ၄း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၇၃)
- ၅း၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅း၄၀ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၏ (၁၅)ကြိမ်မြောက် လက်ရာမွန်ပြပွဲ
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Sunday Talk [မောင်လူမွေး (မြန်မာမှု)၊ မျိုးမြတ်သူ]
- ၆း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း -၁၃၂)
- ၇း၄၀ ဗီဒီယိုပြခန်း
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း **(ကြောက်တတ်တာကောင်းတယ်၊ မကြောက်တတ်တာကောင်းတယ်)**
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၇၄)
- ၁၀း၂၀ အနုပညာမိုးကောင်းကင်
- ၁၀း၄၅ ဘဝအမောပြေ ပျော်ရွှင်ဖို့ သီချင်းလေးတွေဆိုကြစို့
- ၁၁း၀၀ International Show Biz
- ၁၁း၁၅ ထန်းသမားတို့ဘဝ
- ၁၁း၃၀ ဈေးဝယ်လမ်းညွှန် (KMA Electronic & IT Company)
- ၁၁း၅၀ စီမံအရည်အသွေးဖြင့် စစ်မှန်ထူးခြားသော
- ၁၂း၀၅ Shooting Location (သီရိဂုဏ်)
- ၁၂း၂၀ အန္တရာယ်ကင်းသောမိခင်ဘဝ (ဒေါက်တာသိန်းသိန်းငွေး)
- ၁၂း၃၅ အများမြင်စရာနှစ်ပါးသဘင်မဟာ (မြို့ရွှေမန်းသားဖိုးချစ်တို့ကတဲ့ ဇာတ်အလှသဘင်) (အပိုင်း-၃)
- ၁း၁၀ ပြင်ဦးလွင်မှပြင်ဦးလွင်စတား ဆွယ်တာလုပ်ငန်း
- ၁း၃၀ Celebrity Profile (Lee Byaung Hun)
- ၂း၁၀ စွဲမက်ဖွယ်ရာရတနာ (လင်းလက်တောက်ပ ဂေါ်မိတ်အလှ)
- ၂း၄၀ တောင်ပေါ်ကမ္ဘာပေါ်မှ အပန်းဖြေနားခိုရာများ
- ၂း၅၀ ကဏ္ဍာစုံလင်အားကစားအစီအစဉ်
- ၄း၀၀ ဈေးနှုန်းချိုသာမြန်မာ့ကြွေအမိုးပြား (သာယာဝတီ)
- ၄း၁၀ စက္ကူရွက်ဝေ ရှမ်းထီးသက်သေ
- ၄း၂၀ ခံစားချက်တို့ပေါင်းစုံရာ… ငပလီကမ်းခြေသာ
- ၄း၄၀ ထာဝရရှင်သန်ဖူးပွင့်နေမည့် သာသနာ့ဥယျာဉ်
- ၄း၅၀ ပတ္တမြားမြေသို့ အလည်တစ်ခေါက်
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပတိရူပ ဒေသဝါသောစ တော်မင်္ဂလမုတ္တမံ = သင့်တင့်လျောက်ပတ်သောအရပ်၌နေခြင်းသည် မြတ်သောမင်္ဂလာမည်၏။

Public- Private Partnership အစိုးရဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

ဆွေးနွေးပြောကြား

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် Public- Private Partnership အစိုးရဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲတွင် ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၁၈

Public- Private Partnership အစိုးရဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းနှင့် ဆန်စပါးအထူးပြုကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ပြည်တွင်းသတင်းဂျာနယ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲအစီအစဉ်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဆန်စပါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး၊ ဆန်စပါးစိုက်ပျိုးခြင်းမှ တောင်သူများ အကျိုးအမြတ်ရရှိရေး၊ ဆန်စပါးမျိုးကောင်း၊ မျိုးသန့်နှင့်မျိုးစေ့ထုတ်လုပ်ရေးအတွက် အထူးပြုကုမ္ပဏီများမှ မျိုးစေ့ထုတ်လုပ်သည့် ကုမ္ပဏီများပေါ်ထွန်းလာရေး၊ ဆန်အရည်အသွေးကောင်းမွန်စေရေးအတွက် အခြောက်ခံကိရိယာများ၊ရိတ်သိမ်းခြွေလှေ့စက်များ ကူညီပံ့ပိုးဆောင်ရွက်ပေးရေး၊ တောင်သူများ တွက်ခြေကိုက်ရေးအတွက် ဆန်စပါးဈေးနှုန်းအား အကျိုးအမြတ်ရရှိရေးတွင် ဆန်စပါးအထူးပြုကုမ္ပဏီများက ကူညီဆောင်ရွက်ပေးရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးကိစ္စရပ်များ၊ ဆန်စပါးကဏ္ဍနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ တောင်သူလယ်သမားများ အစုအဖွဲ့များဖွဲ့စည်း၍ ကုမ္ပဏီလုပ်ငန်းရှင်များနှင့် ပူးပေါင်းလုပ်ကိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ဆက်လက်ဆောင်ရွက်

ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြည်တွင်းကူးသန်းရောင်းဝယ်မှုကိစ္စရပ်များ၊ ပြည်ပသို့တင်ပို့မှု၊ ပြည်ပမှတင်သွင်းမှု စသည့် ပြည်ပကုန်သွယ်မှုကိစ္စရပ်များ၊ စိုက်ပျိုးထုတ်လုပ်သူ၊ စားသုံးသူ၊ ရောင်းဝယ်သူများ အကျိုးကျေးဇူးမျှတစွာရရှိရေး ကိစ္စရပ်များ၊ ကုန်သွယ်မှုနှင့်ပတ်သက်သော ဆောင်ရွက်ပေးခဲ့သည့် အစီအစဉ်များနှင့် ဆက်လက်ဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဖွဲ့စည်းထားမှုနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များ၊ ဆန်စပါးတိုးတက်ဖွံ့ဖြိုးရေးတွင် မျိုးစေ့ထုတ်လုပ်ရေး၊ ဓာတ်မြေဩဇာပိုမိုအသုံးပြုရေး၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ တောင်သူလယ်သမားများ လိုအပ်သည့်အရင်းအနှီးများ ကူညီဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးချစ်ခိုင်၊ *စာမျက်နှာ ၈ ကော်လံ ၅* ✻

နေပြည်တော် CCCT လက်ဝှေ့ ဗိုလ်လုပွဲနှင့် ဒုတိယအသုတ် အားကစားပြိုင်ပွဲများ ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၈

၂၀၁၁ ခုနှစ် နေပြည်တော် Champion Challenge Cup Tournament လက်ဝှေ့ဗိုလ်လုပွဲနှင့် ဒုတိယအသုတ် အားကစားပြိုင်ပွဲများအတွက် ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ပျဉ်းမနားရှိ ပေါင်းလောင်းအားကစားခန်းမ၌ ကျင်းပပြီး ရှေးဦးစွာ အမျိုးသားလက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲများတွင် ၄၆ ကီလိုတန်း၌ ရန်မျိုးအောင်(ရန်ကုန်ကလပ်)က ကျော်ခိုင်ဦး (ဘားအံကလပ်)ကိုလည်းကောင်း၊ အမျိုးသား ၅၆ ကီလိုတန်း၌ အောင်ဘာလေ(ပုသိမ်ကလပ်)က ဝင်းကျော်သူ (ဘားအံကလပ်)ကိုလည်းကောင်း အနိုင်ရဗိုလ်စွဲသွားသည်။

ပေးအပ်

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကိုကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများက အလေးမပြိုင်ပွဲ၊ လက်ဝှေ့ပြိုင်ပွဲနှင့် စစ်တုရင်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိကြသူ အားကစားသမား မောင်/မယ်များအား ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက အလေးမပြိုင်ပွဲ အမျိုးသား ၆၂ ကီလိုတန်း၊ အမျိုးသား ၆၉ ကီလိုတန်း၊ အမျိုးသား ၅၂ ကီလိုတန်းနှင့် အမျိုးသား ၅၆ ကီလိုတန်းပြိုင်ပွဲများ၌ ဆုရရှိကြသူများအားလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာစစ်တုရင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲနှင့် အားကစားနှင့်ကာယပညာသိပ္ပံ အချင်းချင်းအလေးမပြိုင်ပွဲ အမျိုးသား ၆၉ ကီလိုတန်းနှင့် ၆၉ ကီလိုအထက် ပြိုင်ပွဲများ၌ ဆုရရှိကြသူများအားလည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အမျိုးသား ၅၀ ကီလိုတန်း အလေးမပြိုင်ပွဲ၌ ပထမဆုရ လှမိုး(ပဲခူးကလပ်)၊ ဒုတိယဆုရ ဇော်မင်းပိုင် (ဘားအံကလပ်)၊ တတိယဆုရပိုင်စိုးသန့်ဇင်(ရန်ကုန်ကလပ်)၊ အမျိုးသား ၅၆ ကီလိုတန်းအလေးမပြိုင်ပွဲ၌ ပထမဆုရ ထွန်းထွန်းအောင်(ရန်ကုန်ကလပ်)၊ ဒုတိယဆုရ စောဧရာအောင် (မန္တလေးကလပ်)၊ တတိယဆုရ ဇော်မင်းဦး(ထားဝယ်ကလပ်) *စာမျက်နှာ ၁၂ ကော်လံ ၅* ❒

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ၂၀၁၁ ခုနှစ် နေပြည်တော် Champion Challenge Cup Tournament လက်ဝှေ့ ဗိုလ်လုပွဲကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတကာ အားကစား မြင်ကွင်း

စပိန်လာလီဂါ ပွဲစဉ် (၃) ဘာစီလိုနာတို့ ရှစ်ဂိုးပြတ် နိုင်ပွဲရ

မက်ဒရစ် စက်တင်ဘာ ၁၈

စပိန်လာလီဂါ ပွဲစဉ် (၃)ကို စက်တင်ဘာ ၁၈ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ လက်ရှိချန်ပီယံ ဘာစီလိုနာအသင်းက အိုဆာဆူနာအသင်းကို ရှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။ **(ယာပုံ)** ဘာစီလိုနာကွင်း၌ ကစားခဲ့သော ၄င်းပွဲ၌ အိမ်ရှင်ဘာစီလိုနာတို့ စိတ်တိုင်းကျ ထိုးဖောက်ကစားနိုင်ခဲ့ရာ ပွဲချိန် ၄ မိနစ်၊ မိနစ် ၄၀ နှင့် ၇၈ မိနစ်တို့၌ တိုက်စစ်မှူး မက်ဆီတစ်ဦးတည်း သုံးဂိုးသွင်းကာ ဟက်ထရစ်ရယူနိုင်ခဲ့သည်။

တစ်ဖန် ပွဲချိန် ၁၃ မိနစ်၌ ဖာဘရီဂတ်စ်က တစ်ဂိုး၊ ၃၃ မိနစ်နှင့် ၇၆ မိနစ်တို့၌ ဗီလာက နှစ်ဂိုး၊ ပွဲချိန် ၅၇ မိနစ်၌ ဇာဗီက တစ်ဂိုးနှင့် ၃၉ မိနစ်၌ အိုဆာဆူနာအသင်းမှ ရိုဗာစီရိုက ဘောလုံးရှင်းထုတ်ရင်း ဂိုးဝင်သွားသဖြင့် တစ်ဂိုးရရှိခဲ့ရာမှ ဘာစီလိုနာတို့ စုစုပေါင်း ရှစ်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ပွဲချိန်ပြည့်သည်အထိ အိုဆာဆူနာတို့ တစ်ဂိုးမျှချေပဂိုးမသွင်းနိုင်ခဲ့သဖြင့် ရှစ်ဂိုးပြတ် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ အခြားပွဲများအဖြစ် ဗလင်စီယာက စပိုတင်းဂီဂျွန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ခဲ့ပြီး ဂရာနာဒါက ဗီလာရီးရဲအသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ မာလော့ကာနှင့် မာလာဂါအသင်းတို့ပွဲတွင် မာလာဂါအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ဆီဗီလာနှင့်ရီးရဲဆိုစီဒက်အသင်းတို့ပွဲတွင် ဆီဗီလာက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ●

မောင်ချစ်ကြည် ➤ စုစည်းသည်